# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့။ | Friday 21 September 2018 | ၉၄၁၆


## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## သဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၂၅)နှစ်ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဘရူနိုင်းနိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ တို့သည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။ **သတင်းစဉ်**

## နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင်(၃)ရပ် Government Mission

(၁) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဘဝတိုးတက်မြင့်မားရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon. Jeremy Hunt MP အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအခြေအနေ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ကုလသမဂ္ဂမျက်နှာစာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon. Jeremy Hunt MP တို့ တွေ့ဆုံစဉ်။**

# လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်မှ တုံ့ပြန်ပြောကြား

စာမျက်နှာ » ၃




ကြေးမုံ

# ခိုင်မာအားကောင်းသည့် နိုင်ငံတည်ဆောက်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးဆုံးသည့်နေ့တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်၏အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေက အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၈ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြရန် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ ရက်စွဲဖြင့် ဖိတ်ကြားလာသည့်အတွက် နိုင်ငံတော်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ အစီအရင်ခံတင်ပြခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မျှော်မှန်းထားသည့် ဒီမိုကရေစီစံနှုန်းများကို ရောက်အောင်သွားရေး၊ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အချိန်အပိုင်းအခြားနှင့် အဆင့်လိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိနေသော်လည်း ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ကို အပျောက်မခံဘဲ ပြည်ထောင်စုတည်ဆောက်ရေးကို ပြီးမြောက်အောင် ဆောင်ရွက်နေပြီး တစ်ဖက်ကလည်း တည်ငြိမ်ခိုင်မာအောင်မြင်သည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို စိန်ခေါ်မှုများစွာဖြင့် ရုန်းကန်ကျော်လွှားနေဆဲ ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ရာတွင် နိုင်ငံတော်၏ ယန္တရားနှင့် အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်မှုများ ပါဝင်ပြီး အဓိကအားဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ အခွန်ကောက်ခံမှုများမျှတရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စသည့် အခြေခံအကျဆုံး ပြည်သူ့ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်ယန္တရားများ စနစ်တကျ ခိုင်ခိုင်မာမာဖြစ်အောင် ပြန်လည်ပြုပြင်တည်ဆောက်ရေးတို့အား ခိုင်မာအားကောင်းသည့် နိုင်ငံတော်ဖြစ်စေရန်အတွက် အကောင်အထည်ဖော်ပေးနေသည်ကို အသိပေးခဲ့သည်။

ခိုင်မာအားကောင်းသည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ယင်းအချက်များကိုဆောက်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတော်အစိုးရ မျှော်မှန်းထားသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်နိုင်မှသာလျှင် အသွင်ကူးပြောင်းရေးကို အာမခံနိုင်မှာဖြစ်ကြောင်းနှင့် အလားတူ တိုင်းရင်းသားလူမျိုးစုများအကြားတွင်လည်း လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန် လေးစားမှုတို့ကို တည်ဆောက်နိုင်မှသာလျှင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထိုသို့ရှင်းလင်းတင်ပြမှုနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏မူဝါဒချမှတ်မှုလုပ်ငန်းစဉ်များတွင် ပြည်သူလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းကာ အကျိုးပြုဆောင်ရွက်နေကြသည်ကို အထင်အရှားမြင်တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခိုင်မာအားကောင်းသည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ကျရာအခန်းကဏ္ဍ၊ တတ်စွမ်းရာနေရာမှနေ၍ ပါဝင်နိုင်မည့် အခင်းအကျင်းများကို လမ်းဖွင့်ပေးထားပြီးဖြစ်သလို နိုင်ငံသူနိုင်ငံသားအားလုံးတို့အနေဖြင့် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို စီမံကိန်းများ ပြီးစီးခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇) ၌ UNIDO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများ ပြီးစီးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက UNIDO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် "သံနှင့် သံမဏိ ထုတ်ကုန်အရည်အသွေး စံနှုန်းသတ်မှတ်ရေး အသိပညာမျှဝေပေးခြင်း" စီမံကိန်းနှင့် "စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ချည်မျှင်ထုတ်လုပ်မှုကွင်းဆက် ဖန်တီးရေး" စီမံကိန်းများ အောင်မြင်စွာပြီးမြောက်ရေး ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် စက်မှုဝန်ကြီးဌာနအပြင် ဆက်စပ်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNIDO ရုံးမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း၊ ယခုပြုလုပ်ခဲ့သည့် စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် စီမံကိန်းများ ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခဲ့သည့် စီမံကိန်းရလဒ်များကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင်လည်း UNIDO မှ ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ကြောင်း၊ Steel Knowledge Sharing in Myanmar for Sustainable Relationships and Standards Project ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် သံနှင့်သံမဏိ ထုတ်ကုန်များ အရည်အသွေးနှင့် စံနှုန်းသတ်မှတ်ခြင်း၊ စစ်ဆေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည့် သံနှင့် သံမဏိဆိုင်ရာ Accreditation Body တစ်ခုဖွဲ့စည်းဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း၊ သံမဏိ ထုတ်ကုန်များ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို စစ်ဆေးမည့် နည်းပညာမြင့် စက်ပစ္စည်းကိရိယာများ ပါဝင်သော ဓာတ်ခွဲခန်း လိုအပ်သဖြင့် UNIDO မှ နည်းပညာ ဆက်လက် ကူညီပံ့ပိုးပေးစေလိုကြောင်း၊ ခေတ်မီဓာတ်ခွဲခန်းရှိမှသာ သံနှင့် သံမဏိတို့၏ စံနှုန်းနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရှေ့ဆက်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များပံ့ပိုးပေးစေလိုကြောင်း ပြောကြားသည်။

အလားတူပင် Green Textile Supply-Chain Derived from Agro-Residues Project သည်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီဆီလျော်မည့် စိုက်ပျိုးရေးလုပ်ငန်းမှ စွန့်ပစ်အကြွင်းအကျန်များကို အသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်မည့် နည်းပညာများ ရရှိစေခဲ့ကြောင်း၊ နာနတ်လျှော်ထုတ်လုပ်မှု နည်းပညာအပြင် အခြားအစိမ်းရောင် နည်းပညာများ ဖွံ့ဖြိုးလာစေရေး UNIDO နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် UNIDO ၏ စီမံကိန်းမန်နေဂျာ Mr. Toshiyuki Miyake က စီမံကိန်းရလဒ်များ၊ အကျိုးကျေးဇူးများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားလိုသည့် အဆိုပြုချက်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က စီမံကိန်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNIDO နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိုသည့် ကဏ္ဍများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ညောင်ဦးတွင် ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကျင်းပရန် လျာထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ ညောင်ဦးခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအပါအဝင် အခြားနီးစပ်ရာ ဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၇၇၉၆၄၇ နှင့် ၀၉-၄၂၆၇၇၉ ၆၄၈ တို့သို့ ဆက်သွယ်၍ အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထားပြီး အခမဲ့စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင် ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၂၀၇၀၂၇၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ဒီဇင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တို့တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၀၃၄၀၀၀ - ၁၀၃၄၀၀၀ မန္တလေး(ရွှေဈေး) ၁၀၃၄၀၀၀ - ၁၀၃၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၀၅/၁၀၄၅ ကျပ်၊ | ၁၀၈၀/၁၀၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၂၅/၁၀၆၅ ကျပ်၊ | ၁၁၃၀/၁၁၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၇၅/၁၀၀၅ ကျပ်၊ | ၁၀၈၀/၁၀၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၁၅/၁၀၅၅ ကျပ်၊ | ၁၀၉၅/၁၁၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၃၅/၁၀၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၄၅/၁၀၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၀၀/၁၀၁၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၈၄၃.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၃၀.၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၇၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၈၁.၁၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၅.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၀၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၅.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၅၃.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

☆ **ရွှေဖုံးမှ**

နံနက်ပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်လိုက်ပါလျက် စစ်တွေမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် တောင်ပြိုလက်ဝဲရှိ ပြန်လည်ဝင်ရောက်လာသူများ လက်ခံရေးစခန်းသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ရွှေဇားရွာ၊ ပန်းတောပြင်ရွာတို့၌ ဒေသခံပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt. Hon. Jeremy Hunt MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါအလုပ်သဘော နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တွေ့ဆုံမေးမြန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

# လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်မှ တုံ့ပြန်ပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၀**

လူ့အခွင့်အရေးကောင်စီ၏ (၃၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောနိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်ကို ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်ခဲ့သည်။

ယင်းအပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ပြောကြားခဲ့သည်။

သံအမတ်ကြီး၏ပြောကြားချက်တွင် အဓိကအားဖြင့် အောက်ပါအချက်များကို အလေးထားပြောကြားခဲ့သည်-

- ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရေးမှာ မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ သို့သော် လူ့အခွင့်အရေးကောင်စီသည် လွတ်လပ်သောနိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့ (FFM) အား ၂၀၁၇ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းကပင် မြန်မာနိုင်ငံက လက်ခံခြင်းမပြုခဲ့ကြောင်း၊ ယင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုလိမ့်မည် မဟုတ်သောကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ ယင်းအဖွဲ့အား လက်ခံခြင်းမပြုခဲ့ခြင်းဖြစ်ပါကြောင်း၊
- ယင်းအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် ရှာဖွေတွေ့ရှိချက်များကိုလည်း လက်ခံသွားမည်မဟုတ်ဟု ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊
- ယင်းအဖွဲ့၏ တည်ထောင်မှု၊ ဖွဲ့စည်းမှုနှင့် လုပ်ပိုင်ခွင့်တို့မှာ သမာသမတ်ကျမှုမရှိနိုင်သကဲ့သို့ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ရေရှည်တည်တံ့မည့် အဖြေရရှိရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတားဖြစ်လာနိုင်စေမည်ဟု စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊
- အဆိုပါအဖွဲ့၏ တစ်ဖက်သတ်အစီရင်ခံစာသည် အစိုးရ၏စိုးရိမ်မှုများကိုသာ ပိုမိုမြင့်တက်စေခဲ့ကြောင်း၊ ယင်းအစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းနေထိုင်မှုကို ပျက်ပြားစေရုံမျှမက နိုင်ငံတစ်ဝန်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကိုပါ ထိခိုက်စေကြောင်း၊
- FFM အစီရင်ခံစာ၏ သမာသမတ်ကျမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုကို မေးခွန်းထုတ်ရန် သိသာထင်ရှားသော အကြောင်းပြချက်များစွာ ရှိကြောင်း၊
- အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်၍ ဖော်ညွှန်းထားသည်မှာ အထင်မြင်လွဲမှားမှုကိုဖြစ်စေကြောင်း၊ ပေါင်းစည်းညီညွတ်ရေးကို အားပေးရမည့်အစား တိုင်းရင်းသားလူမျိုးများအကြား သဘောထားကွဲလွဲစေပြီး နိုင်ငံပြိုကွဲရေးကို အားပေးနေသည့်သဘော သက်ရောက်နေကြောင်း၊
- အစီရင်ခံစာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဇ်ဘဇားရှိနေရပ်စွန့်ခွာသူများအနက်မှ ရွေးချယ်ထားသည့် လူတစ်စုတစ်ဖွဲ့အား အင်တာဗျူးပြုလုပ်ခဲ့သည့်ရလဒ်များနှင့် အချို့သောအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များထံမှရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သဖြင့် ယင်းအဖွဲ့၏ စုံစမ်းစစ်ဆေးသည့်နည်းလမ်းသည် အားနည်းချက်များစွာရှိကြောင်း၊
- အစီရင်ခံစာရေးသားသူတို့သည် ကော့ဇ်ဘဇားရှိ မှတ်စလင် မဟုတ်သည့် အခြားသော နေရပ်စွန့်ခွာသူများကိုမူ အင်တာဗျူးလုပ်ရန် အလေးထားဆောင်ရွက်မှုမရှိကြောင်း၊
- ၎င်းတို့၏ စွပ်စွဲချက်များမှာလည်း အာဆာအကြမ်းဖက်အဖွဲ့၏ စဉ်ဆက်မပြတ် ခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုကိုခံနေရသော ဒဏ်သင့်ခံရသည်ဆိုသူများမှ ထွက်ဆိုသော နှုတ်ထွက်စကားများအပေါ်တွင်သာ အခြေခံထားပြီး ခိုင်လုံသောသက်သေအထောက်အထားမရှိကြောင်း၊
- ထိုသို့ ဟန်ချက်ညီမျှမှု၊ သမာသမတ်ရှိမှု၊ တရားမျှတမှုတို့ ကင်းမဲ့နေလင့်ကစား မြန်မာအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော စွပ်စွဲချက်များအားလုံးကို အလေးအနက်ထားရှိပါကြောင်း၊ အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လျစ်လျူရှုမည်မဟုတ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊
- မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက်များချမှတ်ပေးရန်အတွက် လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ယင်းနှင့်ဆက်နွှယ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ယင်းကော်မရှင်အား ဖွဲ့စည်းခဲ့ပါကြောင်း၊
- မိမိတို့သည်လည်း နေရပ်စွန့်ခွာရသူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် စာနာထောက်ထားမှုနှင့် စိုးရိမ်မှုရှိပါကြောင်း၊
- အစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊
- နေရပ်ပြန်လိုသူများကိုပြန်လည်ပို့ဆောင်ရန် ဘင်္ဂလားဒေ့ရှ်ဘက်၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအား ဖိအားပေးရန် မလိုအပ်ပါကြောင်း၊ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို လက်ခံရန်အသင့်ရှိပါကြောင်း၊
- ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၏အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရန် မြန်မာအစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ MoU အား အကောင်အထည်ဖော်မှုစတင်လျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့များသည် ပထမအဆင့်အနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊
- အာဆာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများတွင် လေ့ကျင့်ပေးထားသည့်ခေါင်းဆောင်များနှင့် လေ့ကျင့်ထားခြင်းမရှိသော သာမန်ရွာသားများပါဝင်သည်ဟု အစီရင်ခံစာတွင်ထောက်ပြထားပါကြောင်း၊ မည်သည့်နိုင်ငံမျှ အကြမ်းဖက်မှုကိုမည်သည့်အခြေအနေ မည်သည့်ပုံစံမျိုးတွင်ဖြစ်စေ လျစ်လျူရှုခြင်းပြုရန် မသင့်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသည့် အနာဂတ်ကိုတည်ဆောက်နေသည့် အစိုးရ၏ကြိုးပမ်းချက်များကို ထိခိုက်စေပါကြောင်း၊
- ပဋိပက္ခ၏သမိုင်းကြောင်းကို သေချာစွာလေ့လာခြင်းမပြုဘဲ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်အမြင်အပေါ် အခြေခံထားကြောင်း၊
- ကြီးမားသည့်ဖိအားများပေးခံရမှုကြောင့် FFM အနေဖြင့် ၎င်းတို့ယုံကြည်လိုသော အချက်များကိုသာ အစီရင်ခံစာတွင် ဖော်ပြပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်ကိုပင် လမ်းလွဲစေနိုင်သည့် အန္တရာယ်ရှိသောကောက်ချက်များ အလျင်စလို ချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊
- ယခုကာလသည် မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရာတွင် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသောကာလဖြစ်ကြောင်း၊
- နိုင်ငံ၏ စည်းလုံးညီညွတ်မှုပျက်စီးစေရန် ကြိုးပမ်းမှုဟူသမျှကို ပြင်းထန်စွာကန့်ကွက်ကြောင်း၊ မိမိတို့အနေဖြင့် ခိုင်မာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးပန်းတိုင်ကို ရောက်ရှိရန်အတွက် အစဉ်တစိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- အပြုသဘောမဆောင်သောဆောင်ရွက်ချက်များနှင့် ပြစ်ဒဏ်ပေးရန် ဦးတည်သည့်လုပ်ရပ်များမှာ အသိုက်အဝန်းများအကြား ပိုမိုကွဲပြားမှုကိုသာဖြစ်စေပြီး မိမိတို့ဖြေရှင်းလိုသော ပြဿနာ၏ အခြေအနေများကို ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများအား အမြန်ဆုံးပြန်လည်လက်ခံရေးအတွက် အစိုးရ၏ အားထုတ်မှုများကိုလည်း အဟန့်အတားများသာဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိတွင် လူသားချင်းစာနာမှု အကျပ်အတည်းအခြေအနေအား ဖြေရှင်းရေးအပေါ်သာ အာရုံစိုက်သင့်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပြန်တမ်း

**စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

# ရမည်းသင်းမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်

**ရမည်းသင်း စက်တင်ဘာ ၂၀**

ရမည်းသင်းမြို့နယ်တွင် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ခြောက်လပတ်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီလျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ လက်ကျန်ကျေးရွာ သုံးရွာကိုလည်း ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဟု ထပ်မံသိရပြီး စက်တင်ဘာလ တတိယပတ်မှစတင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မီးလင်းမည့်ကျေးရွာများသို့ ကွင်းဆင်း၍ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အိမ်သုံးမီတာများ စနစ်တကျတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယအမျိုးသားကာကွယ်ရေး စစ်တက္ကသိုလ် သွားရောက်လေ့လာ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းကျောင်း၌ လေ့ကျင့်သင်ကြားပေးနေမှုများကို လေ့လာကြည့်ရှုစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် စက်တင်ဘာ ၂၀**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယအမျိုးသားကာကွယ်ရေးစစ်တက္ကသိုလ်(National Defence Academy-NDA)ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

**လေ့လာကြည့်ရှု**

ရှေးဦးစွာ အိန္ဒိယအမျိုးသား ကာကွယ်ရေးစစ်တက္ကသိုလ်၏ လေ့ကျင့်သင်ကြားပေးနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းအုပ်ကြီးရုံးခန်း၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အိန္ဒိယကြည်းတပ်၊ သံချပ်ကာယန္တရားတပ်ဖွဲ့ဗဟိုဌာနနှင့် သင်တန်းကျောင်းသို့ရောက်ရှိကြပြီး သင်တန်းကျောင်း၌ လေ့ကျင့်သင်ကြားပေးနေမှုများ၊ သင်ကြားပြသနေမှုများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်းရှိ Tank Museum၊ Cavalry Officer Mess ရှိ သံချပ်ကာ သမိုင်းပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး Cavalry Officer Mess ၌ သံချပ်ကာယန္တရားတပ်ဖွဲ့ဗဟိုဌာနနှင့် သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာကြပြီး နယူးဒေလီမြို့ရှိ ITC MAURYA HOTEL သို့ ရောက်ရှိရပ်နားခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးသတင်းအချက်အလက် မူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးသတင်းအချက်အလက် မူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရွှေပြည်တော်ဟိုတယ်၌ ကျင်းပသည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများချမှတ်ရေးဆွဲရာတွင် ပြည့်စုံတိကျမှန်ကန်သော စာရင်းအချက်အလက်များ (Data)သည် အထူးအရေးကြီးသော အခြေခံအချက်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်ကန်ကောင်းမွန်သော စာရင်းအချက်အလက်များနှင့် သတင်းအချက်အလက်များ ရရှိရန်လိုအပ်ကြောင်း၊ ထိုသို့ စာရင်းအချက်အလက်များနှင့် သတင်းအချက်အလက်များ မှန်ကန်ပြည့်စုံရုံသာမက အသုံးဝင်အကျိုးရှိစေရန်အတွက် စာရင်းအချက်အလက်များ (Data) အချိန်နှင့် တစ်ပြေးညီ ကောက်ယူစုဆောင်းခြင်း၊ ရရှိထားသော စာရင်းအချက်အလက်များ (Data)များကို စီမံခန့်ခွဲသုံးသပ်၍ လက်တွေ့အသုံးဝင်သော သတင်းအချက်အလက်များအဖြစ် ဆောင်ရွက်ခြင်း (Data to Information)၊ စာရင်းအချက်အလက်များနှင့် သတင်းအချက်အလက်များကို ဌာန၊ ဌာနခွဲ၊ စီမံချက်လုပ်ငန်းများအကြား မျှဝေခြင်း (Data and Information Sharing)၊ သတင်းအချက်အလက်များကို လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုခြင်း စသည်တို့ကို ဆောင်ရွက်၍ Data Culture စနစ် တစ်ခုဖြစ်ပေါ်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာရင်းသတင်းအချက်အလက် စနစ်ဆိုင်ရာ အလေ့အကျင့်များ (Data Culture) ကို ငယ်စဉ်ကတည်းက ကျောင်းများ၊ တက္ကသိုလ်များတွင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်ကို Year of Data and Information အဖြစ် သတ်မှတ်၍ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများသည် ကျန်းမာရေးသတင်းအချက်အလက် မူဝါဒရေးဆွဲနိုင်ရန်အတွက် အကြံပြုချက်များ၊ အခြေခံအချက်အလက်များ ထွက်ပေါ်လာစေရန် ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း ကျေးရွာများတွင် ရာသီတုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ရာသီတုပ်ကွေး၏ နောက်ဆက်တွဲပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် လန်သန်းကျေးရွာတွင် ကလေးငယ်လေးဦးနှင့် ပေါ်ကွန်ကျေးရွာတွင် ကလေးငယ် တစ်ဦးတို့ သေဆုံးမှုနှင့်ပတ်သက်၍ ဩဂုတ် ၂၉ ရက်မှ စတင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဗဟိုအဆင့် ကွင်းဆင်းအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များသည် ရောဂါဖြစ်ပွားရာကျေးရွာများသို့ ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များသည် ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူလူနာထပ်မံရှာဖွေခဲ့ရာ လန်သန်းကျေးရွာတွင် လူနာ ၆၄ ဦး၊ ပေါ်ကွန်ကျေးရွာတွင် ၂၂၈ ဦး၊ ရှန်ဟဲနုတ်ညို ကျေးရွာတွင် ၁၀၀ စုစုပေါင်း ၃၉၂ ဦး တွေ့ရှိခဲ့ပြီး လိုအပ်သော ကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါ်ကွန်ကျေးရွာမှ ကလေးငယ်ငါးဦးနှင့် ရှန်ဟဲနုတ်ညိုကျေးရွာမှ ကလေးငယ်လေးဦး၏ နှာခေါင်းတို့ဖတ်နမူနာများရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိရသော ဓာတ်ခွဲအဖြေများအရ ပေါ်ကွန်ကျေးရွာမှ လေးဦးနှင့် ရှန်ဟဲနုတ်ညိုကျေးရွာမှ လေးဦးတွင် ရာသီတုပ်ကွေးရောဂါပိုး (Influenza A H1N1 pdm 09) တွေ့ရှိရပြီး ကွင်းဆင်းအဖွဲ့သည် အဆိုပါ ကျေးရွာများတွင် ဆေးကုသမှုပေးသည့်အပြင် ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ပတ်ဝန်းကျင်ကျေးရွာများတွင် ရာသီတုပ်ကွေးနှင့် အခြားကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက်ရယူခြင်း၊ ရာသီတုပ်ကွေးရောဂါ ကူးစက်ပုံနှင့် ကာကွယ်ရေးနည်းလမ်းများအား ပညာပေးခြင်းနှင့် ဆေးကုသမှုပေးခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် အစုလိုက် ရာသီတုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းမှ တနင်္သာရီတိုင်းဒေသကြီးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

တတိယလုပွဲစဉ်အဖြစ် ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ကယားပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုရရှိသော ကျောနံပါတ် ၁ စိုင်းဆိုင်ဖ (ကယား)၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆုရရှိသော ကျောနံပါတ် ၃ စိုးဝင်း (ကရင်)၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆုရရှိသော ကျောနံပါတ် ၁၀ ညီညီ (ကချင်)၊ ရှေ့တန်း အကောင်းဆုံးအားကစားသမားဆုရရှိသော ကျောနံပါတ် ၁၀ ကျော်ဇေယျာလင်း (တနင်္သာရီ)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော ကျောနံပါတ် ၁၁ သန်းကိုသန်း (ကရင်)တို့အား ငွေသားဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း၊ တတိယဆုရရှိသော ကယားပြည်နယ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း၊ ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များအပြင် အမျိုးသားတံခွန်စိုက်ဆုဖလားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

## အားကောင်းသော မုန်တိုင်းငယ်မှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဂိုလ်ပါပူမြို့၏ အရှေ့တောင်ဘက် ၁၄၂ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၈ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး နောက် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကာ ယနေ့ည သန်းခေါင်ယံအချိန်တွင် ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

# မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၀**



မိတ္ထီလာတွင် ၁၃၅ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်ထည့်သွင်းကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာ လောင်းလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစေတီတော်အနီး မိတ္ထီလာကန်ရေပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာလောင်းလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ၁၃၅ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်လှေလှော်အသင်းများက သမိုင်းဝင်ဖောင်တော်ဦး စေတီတော်အား လှေလှော်၍ ဦးတိုက်ပူဇော်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ ပထမပွဲစဉ် အကြီးတန်းပြိုင်ပွဲ ပထမအကျော့တွင် မြင်းခြံ (က) အသင်းက ကံကြီးဂဠုန်အသင်းကို အနိုင်ရရှိသွားသည်။ အဆိုပါ မြန်မာ့ရိုးရာလောင်းလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အကြီးတန်းပြိုင်ပွဲ၌ အုပ်စု (က) တွင် လူးခင်းကြီး (က)၊ မြင်းခြံ (က)၊ စတားမောင်မောင်၊ ကံကြီးဂဠုန်၊ အုပ်စု(ခ)တွင် ဇာတိသွေး၊ သီဟရာဇာ၊ ဝါးတန်းအောင်ခန့် စုစုပေါင်း ခုနစ်သင်း၊ အငယ်တန်းပြိုင်ပွဲ၌ အုပ်စု (က)တွင် တက်ရိုင်းညီအစ်ကို(ခ)၊ ကန်တောင်လူငယ်၊ ပြန်လာပြီ ဇာတိသွေး၊ သီဟရာဇာ (ခ)၊ အုပ်စု(ခ)တွင် ပျံလွှားမောင်မောင်၊ လူးခင်းကြီး (ခ)၊ တက်ရိုင်းညီအစ်ကို (က)၊ အုပ်စု (ဂ)တွင် ပြန်လာပြီ ဝါးတန်းအောင်ခန့်၊ မြင်းခြံ (ခ)၊ စတားရင်သွေး စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

မိတ္ထီလာ သမိုင်းဝင်ဖောင်တော်ဦး စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လောင်းလှေလှော်ပြိုင်ပွဲတွင် မိတ္ထီလာကန် ပတ်ဝန်းကျင်ရှိ နန်းတော်ကုန်း၊ အင်းပက်လက်၊ အုတ်နဲ့ဘုတ်၊ လူးခင်းကြီး၊ နွားစမ်းတောင် စသည့် ရပ်ကွက်/ကျေးရွာများမှ လှေအသင်းများအပြင် မြင်းခြံမြို့မှ ပြိုင်ပွဲဝင် လှေအသင်းများဖြစ်သည့် မြင်းခြံ(က)နှင့် မြင်းခြံ(ခ) အသင်းနှစ်သင်းလည်း လာရောက်ပါဝင်ယှဉ်ပြိုင်ကြရာ လှေပြိုင်ပွဲမှာ လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်ဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး မိတ္ထီလာဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လှေပြိုင်ပွဲကြည့်ပရိသတ်များကလည်း စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# ပြင်ဦးလွင်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာအုပ်စု ကြီးကိုင်ကျေးရွာဓမ္မာရုံ၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ပြည်သူ့စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာလင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်ကို၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ချစ်ဝင်းနှင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းတို့က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



ပြည်သူ့စကားဝိုင်းသို့ အင်းယားကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၄၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြတ်ဆုမွန်(ပြင်ဦးလွင်)**

## ၇၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်)**

စည်ပင်သာယာရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)မှ ရဲတပ်ဖွဲ့ဝင် ရဲမေ စုစုပေါင်း ၁၅ ဦးသည် စက်တင်ဘာ ၂၀ ရက်က နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ရာ တပ်ဖွဲ့ဝင်များအား စည်ပင်သာယာရဲတပ်ဖွဲ့မှူး (နေပြည်တော်) ရဲမှူးကြီးဟန်ထွန်းက လိုက်လံကြည့်ရှုအားပေးပြီး အားဆေးနှင့် ဖြည့်စွက်အစားအစာများ ပြန်လည်ပေးအပ်ခဲ့သည်။ **မျိုးကြီး**

**ဇန်းမောက်မြို့နယ်ရဲတပ်ဖွဲ့**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို ဦးဆောင်၍ စက်တင်ဘာ ၁၅ ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မူး/တားအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဇန်းမောက်မြို့နယ်ဆေးရုံဝင်းအတွင်း၌ အင်အား ၇၀ ကျော်ဖြင့် ချုံနွယ်နှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လူအောင်(ကသာ)**

**သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးကြီးစိန်လွင် ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့မှ ယာယီရဲမှူးတင်အောင်၊ ဒုရဲမှူးသီတာစိုး၊ ရစ်ကံလေးနယ်မြေစခန်းမှူး ရဲအုပ်တင်ညွန့်တို့ ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅ ဦးတို့က စက်တင်ဘာ ၁၈ ရက်တွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်သွေးလှူဒါန်းခဲ့ရာ တပ်ဖွဲ့ဝင် တစ်ဦးချင်းစီအား အိုဗာတင်းတစ်ဖာ၊ ကြက်ဥ ၁၀ လုံးစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

**အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ**

အမှတ် ၁၇ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တရဲတပ်ဖွဲ့ ခွဲမှူး ရဲမှူးနေဝင်းထွန်း ဦးဆောင်၍ အရာရှိ/အခြားဆင့် တပ်ဖွဲ့ဝင် ၈၄ ဦးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**တွံတေး**

တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦး ဦးစီး၍ တပ်ဖွဲ့ဝင်မိသားစု ၆၈ ဦးတို့က တွံတေးမြို့ ရွှေဆံတော်ဘုရားမြောက်ဘက်မုခ်တစ်လျှောက်တွင်ရှိသော သစ်ပင်များ၊ အမှိုက်များနှင့် ပေါင်းမြက်ပင်များအား ရှင်းလင်းခုတ်ထွင်ခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီက စုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ပွင့်သစ္စာ**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏စာတမ်း

လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သော ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး စာတမ်းကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီကိုယ်စားဖတ်ကြားမယ့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။

**လေးစားရပါသောလူကြီးမင်းများခင်ဗျား-**

ကမ္ဘာ့နိုင်ငံများသည် ခေတ်စနစ်အမျိုးမျိုးကို ကျင့်သုံးဖြတ်သန်းလာခဲ့ကြရာ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုက ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေကြကြောင်း သိရှိရပါတယ်။ ကျင့်သုံးရခြင်းမှာ မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးခွင့်၊ ရွေးချယ်ဆုံးဖြတ်ခွင့်၊ ပါဝင်ခွင့်ရရှိခြင်းတို့ကြောင့် လူသားစိတ်ဆန္ဒနှင့် အနီးစပ်ဆုံးကျင့်သုံးနိုင်သော အတွေးအခေါ်၊ အယူအဆ စနစ်တစ်ခုဖြစ်သောကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံကတိကဝတ်စာချုပ်ဖြင့် လွတ်လပ်ရေး ရယူပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တည်ထောင်ခဲ့ကြကာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ သို့သော် ကြာရှည်မကျင့်သုံး၊ မထိန်းသိမ်းနိုင်ခဲ့ဘဲ အာဏာရှင်စနစ်၊ တစ်ပါတီစနစ်အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့ရပါတယ်။

နှစ်ပေါင်း ၅၀ ခန့် ဒီမိုကရေစီနှင့် ကွာဝေးသွားပြီး ယခုတစ်ဖန် တိုင်းရင်းသားပြည်သူများ၏ ရုန်းကန်ရင်းနှီးပေးဆပ်မှုများစွာကြောင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးစပြုနေပြီ ဖြစ်ပါတယ်။ ယခင်ကာလက သင်ခန်းစာများရယူကာ ရရှိပြီးသော ဒီမိုကရေစီရလဒ်ကောင်းများကို မပျောက်ပျက်အောင်၊ ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်နေရပါမယ်။ ထိုသို့ဆောင်ရွက်ရန် နိုင်ငံခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်၊ တရားရုံး၊ လက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ၊ သတင်းမီဒီယာ၊ လူမှုအဖွဲ့အစည်းနှင့် မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်။

**လေးစားရပါသောလူကြီးမင်းများခင်ဗျား-**

ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲစနစ်ရှိရမည်ဖြစ်ပြီး နိုင်ငံသားများက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို



ဦးလမာနော်အောင်

> **ဥပဒေပြုရေး လွှတ်တော်၊ အုပ်ချုပ်ရေး အစိုးရ၊ တရားစီရင်ရေး တရားရုံးတို့သည် အချင်းချင်းစွက်ဖက်ခြင်းမပြု၊ လွှမ်းမိုးခြင်းမရှိဘဲ အပြန်အလှန် ထိန်းညှိထောက်ပြခွင့်ရှိမှသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီအနှစ်သာရဖြစ်ပြီး ဒီမိုကရေစီရှင်သန်ရေးအတွက် အရေးပါလှသောအချက် ဖြစ်ပါတယ်။**

မိမိတို့ကိုယ်စား တာဝန်ခံကျင့်သုံးပေးမယ့် ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့် ရှိရမည်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ဒီမိုကရေစီကို ပြည့်ဝစွာ မကျင့်သုံးနိုင်သေးကြောင်းကို တွေ့နေရပါတယ်။ စိတ်ရှည်သည်းခံပြီး ဆင်ခြင်တုံတရားဖြင့် သတိကြီးစွာ ထိန်းညှိဆောင်ရွက်ရဦးမည် ဖြစ်ပါတယ်။

**လေးစားရပါသောလူကြီးမင်းများခင်ဗျား -**

ဥပဒေပြုရေး လွှတ်တော်၊ အုပ်ချုပ်ရေး အစိုးရ၊ တရားစီရင်ရေး တရားရုံးတို့သည် အချင်းချင်းစွက်ဖက်ခြင်းမပြု၊ လွှမ်းမိုးခြင်းမရှိဘဲ အပြန်အလှန် ထိန်းညှိထောက်ပြခွင့်ရှိမှသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီအနှစ်သာရဖြစ်ပြီး ဒီမိုကရေစီရှင်သန်ရေးအတွက် အရေးပါလှသော အချက်ဖြစ်ပါတယ်။ ထိန်းညှိမှုမခံ၊ ထိန်းညှိခြင်းမရှိသောစနစ်သည် အာဏာရှင်စနစ်သို့ ဦးတည်သွားနိုင်ပါတယ်။

အစိုးရတိုင်းတွင် တိုင်းသူပြည်သားများ၏ဘဝ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လိုသော်လည်း ထိန်းညှိမှုမရှိလျှင် အာဏာရှင်ဆန်လာကာ မူလရည်ရွယ်ချက်ပျောက်ပျက်ပြီး အတ္တအကျိုးစီးပွားအတွက် အာဏာရရှိရေး၊ အာဏာတည်မြဲရေး ဆောင်ရွက်လာနိုင်ပါတယ်။ ထိန်းညှိမှုသည် အရေးပါလှပါတယ်။ ဒီမိုကရေစီသည် အများဆန္ဒဖြင့် ဆုံးဖြတ်သောစနစ်ဖြစ်ပြီး လူနည်းစု၏ အခွင့်အရေးကိုလည်း ဥပဒေဖြင့် အကာအကွယ်ပေးထားရမည် ဖြစ်ပါတယ်။

ဒီမိုကရေစီ ရှင်သန်ထိန်းညှိဖို့အတွက် သက်ရှိလူသားများသာ ပြုလုပ်ဆောင်ရွက်ရုံဖြင့် ရနိုင်မည်မဟုတ်ဘဲ တရားမျှတပြီး ခေတ်စနစ်နှင့်လျော်ညီသည့် မူဝါဒအခြေခံဥပဒေများဖြင့်လည်း ထိန်းညှိကာကွယ်ပေးထားရမည် ဖြစ်ပါတယ်။

မိမိတို့ နေ့စဉ်လက်တွေ့ဘဝ ကြုံတွေ့နေသော ဥပမာတစ်ခုနှင့် နှိုင်းယှဉ်ပြရမည်ဆိုပါက မိမိတို့ရလိုသော သီးပင်ကိုစိုက်ပါက မျိုးစေ့ကြဲချချိန်မှစ၍ အညှောင့်ထွက်၊ အပင်ပေါက်၊ အပွင့်ပွင့်၊ အသီးသီးလာချိန်အထိ ပြုစုပျိုးထောင်ကာကွယ်ပါမှ အကျိုးခံစားခွင့်ရနိုင်သကဲ့သို့ ကျွန်တော်တို့နိုင်ငံသည်လည်း ဒီမိုကရေစီစနစ်သို့ ကူးပြောင်းစ၊ ကျင့်သုံးစပြုနေတဲ့ အချိန်ကာလဖြစ်သောကြောင့် ဒီမိုကရေစီစနစ် အမြစ်တွယ်ရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းညှိရမည့် တာဝန်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ တာဝန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ဖြူစင်သောစိတ်စေတနာ၊ ဆင်ခြင်တုံတရားတို့ကို အခြေခံကာ မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ဒီမိုကရေစီရှင်သန်ရေးကို ဝိုင်းဝန်းထိန်းညှိဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

**ကျေးဇူးတင်ပါတယ်။**

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာ**

## ညောင်နှစ်ပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်တွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသေးသောမြေများအား ပြန်လည်သိမ်းယူရန် အစီအစဉ်မရှိဟုဆို

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် စတင်ဖော်ထုတ်စဉ်ကတည်းက ယနေ့အချိန်ထိ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသေးသောမြေများအား လတ်တလောတွင် ပြန်လည်သိမ်းယူရန် အစီအစဉ်မရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြောသည်။

ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင်ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက "မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်၌ စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသော မြေကွက်များအား ပြန်လည်သိမ်းယူပြီး အမှန်တကယ် ဆောင်ရွက်လုပ်ကိုင်မည့်သူများအား စည်းမျဉ်းစည်းကမ်းများနှင့် ပြန်လည်နေရာချထား လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ"မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လတ်တလောမှာ မြေကွက်တွေ ပြန်လည်သိမ်းယူဖို့ မရှိသေးပါဘူး။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ အဆင့်ဆင့် စီမံဆောင်ရွက်သွားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးဟံထွန်းက ပြောသည်။

အဆိုပါ ညောင်နှစ်ပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မြေကွက်များဖော်ထုတ်ပြီး တစ်ယူနစ်လျှင် ငါးဧကနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်မည့်သူများအား ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က လုပ်ကိုင်ခွင့်ချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လုပ်ကိုင်ခွင့်ရရှိသူလုပ်ငန်းရှင် အနည်းငယ်သာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျန်လုပ်ငန်းရှင်များက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိကြောင်း၊ မြေပြင်အသေးစိတ်စိစစ်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ဇုန်ကြီးကြပ်ရေးကော်မတီအသစ်ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဇုန်များစီမံခန့်ခွဲရေးကော်မတီအသစ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီး ဦးဟံထွန်းက လွှတ်တော်တွင် ထည့်သွင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ညောင်နှစ်ပင် စိုက်ပျိုးရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကို ၁၉၉၉-၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် လိုအပ်ချက်အရ လှည်းကူးမြို့နယ်တွင်ပါဝင်သည့် ဧရိယာများကိုပါ တိုးချဲ့ဆောင်ရွက်ခဲ့သည့်အတွက် ညောင်နှစ်ပင် အထူးဇုန် (၁)၊ (၂)၊ (၃)ဟူ၍ ပေါ်ပေါက်ခဲ့ကြောင်း၊ ညောင်နှစ်ပင် အထူးဇုန် (၁)၊ (၂)၊ (၃)တွင် ဧရိယာဧက စုစုပေါင်း ၁၂၄၅၃ ဧကရှိပြီး မှော်ဘီမြို့နယ်အနေဖြင့် ဧရိယာဧက ၁၈၂၆ ဧကနှင့် လှည်းကူးမြို့နယ်အနေဖြင့် ဧရိယာဧက ၁၀၆၂၇ ဧက ပါဝင်ကြောင်း သိရသည်။ **သီသီမင်း**

## ရှေးဟောင်း ရှားပါး ဓာတ်စက်ဓာတ်ပြားများ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာ့ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် ရှေးဟောင်းရှားပါး ဓာတ်စက် ဓာတ်ပြားနှင့် ဟောပြောရှင်းလင်းပွဲကို "ရသဓာတ်ပြား သုတဓာတ်ပြား ခံစားနားဆင်"ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်သံဈေးရှိ Yangon Book Plaza ၌ ကျင်းပခဲ့သည်။



"ယနေ့ခေတ်လူငယ်တွေနဲ့ မြန်မာ့ဂီတကိုချစ်မြတ်နိုးသူတွေ လေ့လာနိုင်စေဖို့ရည်ရွယ်ပြီး ရှားပါး ဓာတ်စက် ဓာတ်ပြားတွေကို စုဆောင်းခဲ့ပြီး ခင်းကျင်းပြခြင်း ဖြစ်ပါတယ်။ သီပေါမင်းရွှေတော်တွင် သီဆိုသော မထွေးကလေးရဲ့ ဖော်ကွာဝေး တေးထပ်ကြီးဓာတ်ပြား၊ မင်းတုန်းမင်းကြီးကိုယ်တိုင် ဘွဲ့ပေးခဲ့တဲ့ မဒုသတ္တရွှေတောင်၊ မဒုသတ္တရွှေတောင်ကျော်စွာတို့ ဓာတ်ပြားများ၊ အဝေးရောက်မင်း ဦးအောင်ကြီး ဓာတ်ပြားများ၊ နေမျိုးဗလကျော်သူ စိန်ဗေဒါရဲ့ဓာတ်ပြားများ၊ စိန်ဗေဒါရဲ့ အစ်ကို ဆရာစိန်၊ စိန်ဗေဒါရဲ့အဖေ နေမျိုးကျော်စွာခေါင်တို့ရဲ့ ဓာတ်ပြားတွေ ပြသထားပါတယ်။ ဒီဓာတ်ပြားတွေက ၁၉၀၀ ပြည့်နှစ်ဝန်းကျင်က ထွက်ရှိခဲ့တာ ဖြစ်ပါတယ်။ ၁၇-၅-၁၉၇၆ ရက်နေ့က ဟသ်ာရစိန်လင်း ဓာတ်ပြားတိုက်က ထုတ်လုပ်တဲ့ အဆိုတော် ကျောက်ပန်းတောင်း ကျော်လွင်ရဲ့ မောင်ပေါက်ကျိုင်းရဲ့ ချစ်တဲ့သူလို့အမည်ရတဲ့ ဓာတ်ပြားကတော့ မြန်မာ့ဓာတ်ပြားသမိုင်းမှာ နောက်ဆုံးဓာတ်ပြား ဖြစ်ပါတယ်။ ဒီနောက်မှာ ကက်ဆက်တွေပေါ်လာလို့ မြန်မာ့ဓာတ်ပြားသမိုင်း အဆုံးသတ်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ဓာတ်ပြားသမိုင်းသုတေသနကျမ်းဖြင့် ၂၀၁၅ ခုနှစ် အမျိုးသားစာပေဆုရသူ သုတေသီမောင်မောင်က ရှင်းပြသည်။

အဆိုပါ ဓာတ်ပြားဓာတ်စက်များကို သုတေသီ ဆရာဦးမောင်မောင် အနေဖြင့် ၁၉၆၂ ခုနှစ်ကတည်းက စုဆောင်းလာခဲ့ကြောင်း၊ ၎င်း၏ လက်ထဲတွင် ယခုအခါ ဓာတ်ပြား ၆၀၀၀ ခန့်သိမ်းဆည်းထားကြောင်း၊ ယခုပြပွဲကို စက်တင်ဘာ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ခင်းကျင်းပြီး ဓာတ်ပြားဓာတ်စက်များနှင့် ပတ်သက်၍ ဟောပြောပွဲကိုမူ နေ့လယ်ပိုင်းတွင် ဟောပြောပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်နောက်ပိုင်း ဓာတ်ပြားကုမ္ပဏီအများအပြားပေါ်ပေါက်ခဲ့ပြီး သုတေသနစာရင်းပြုစုမှုအရ ဓာတ်ပြားကုမ္ပဏီပေါင်း ၂၅၆ ခုအထိ ရှိခဲ့ကြောင်း၊ ထင်ရှားသောဓာတ်ပြားကုမ္ပဏီများမှာ အေဝမ်း၊ ကိုလံဘီယာ၊ အမ္ဗာညီနောင်စူပါဟိုက်၊ ကရဝိက်တို့ ပါဝင်ကြောင်း သုတေသီ ဦးမောင်မောင်က ရှင်းပြသည်။

**မြင့်မောင်စိုး**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်** မုတ်သုံလေ အားနည်းနေမည်။

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏စာတမ်း

ယနေ့ကျင်းပသော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားပြုခေါင်းဆောင်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာရှိသော နေ့ထူးအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ကိုယ်စားပြုစာတမ်းဖတ်ကြားမည့် ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ယန်ကျင်းကန် ဖြစ်ပါတယ်။

အခုလို "ပါတီကိုယ်စားပြုစာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ ဒီမိုကရေစီ ချစ်မြတ်နိုးသော ပုဂ္ဂိုလ်ကြီးများခင်ဗျား**

ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ဟာ ကမ္ဘာ့နိုင်ငံအသီးသီးက စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပျက်နေတဲ့ လူသားများရဲ့ နိုင်ငံရေးသမိုင်းများကဲ့သို့ပဲ ပြောင်းလဲလိုသူများရဲ့ စွမ်းဆောင်မှုကြောင့် တိုင်းရင်းသား ပြည်သူအများရဲ့ အကျိုးစီးပွားကို ရှေးရှုမည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့်လည်းပဲ ဒီမိုကရေစီရဲ့ သဘောသဘာဝဖြစ်တဲ့ ပြည်သူများကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာ သုံးရပ် ခွဲခြားပြီး အပြန်အလှန်ထိန်းညှိတဲ့ နိုင်ငံရေး

> **"ဝိုင်းဝန်းထိန်းညှိကြပ်မတ်မှုပြုခြင်းသည် ကျွန်တော်တို့ နိုင်ငံလို ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံမှာ အထူးအလေးထား ပြုမူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်"**



ဦးယန်ကျင်းကန်

အခင်းအကျင်းနဲ့ မြန်မာ့နိုင်ငံရေးခရီးကို လျှောက်လှမ်းနေတာဖြစ်ပါတယ်။

သို့သော်လည်း အာဏာတစ်ရပ်ချင်းစီက တရားနည်းလမ်းကျစွာ၊ တည့်မတ်မှန်ကန်စွာ အပြန်အလှန် ထိန်းကျောင်းကြပ်မတ်မှု မပြုပါက ပြည်သူတစ်ရပ်လုံး ယုံကြည်မျှော်လင့်ရာဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းနိုင်မှာ မဟုတ်ပါဘူး။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီပင်လျှင် မိမိကိုမိမိ ဆင်ခြင်တုံတရားနဲ့ ကြပ်မတ်ထိန်းညှိမှုမပြုပါက လူ့တန်ဖိုးနဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများ ပျက်ယွင်းသွားနိုင်သကဲ့သို့ လူအများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရမည့် လုပ်ပိုင်ခွင့်အာဏာများဟာလည်း အပြန်အလှန် ထိန်းညှိကြပ်မတ်မှု မပြုပါက အစွန်းတရားများဆီသို့ ဦးတည်သွားနိုင်ပြီး ရည်မှန်းရာပန်းတိုင် လွဲချော်သွားနိုင်ပါတယ်။

ဒါကြောင့် ဝိုင်းဝန်းထိန်းညှိကြပ်မတ်မှုပြုခြင်းသည် ကျွန်တော်တို့ နိုင်ငံလို ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံမှာ အထူးအလေးထား ပြုမူဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ကူးပြောင်းဆဲကာလမှာပဲ ရှိနေသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ စနစ်သစ်သို့ လျှောက်လှမ်းလိုတဲ့ လူမှုအဖွဲ့အစည်းတစ်ခုနဲ့ စနစ်ဟောင်းကို ဖက်တွယ်နေချင်သူ လူမှုအဖွဲ့အစည်း နှစ်ခုကြားမှာ ဖြစ်ပေါ်လာမည့် အားပြိုင်လွန်ဆွဲမှုဟာလည်း မလွဲမသွေကြုံတွေ့ရမှာပဲ ဖြစ်ပါတယ်။

စနစ်ဟောင်းရဲ့ အတွေးအမြင်၊ အပြုအမူများကို အပြီးသတ်ချုပ်ငြိမ်းစေဖို့ တစ်ဦးချင်းစီကော အစုအဖွဲ့လိုက်ပါ လူမှုအဖွဲ့အစည်း တစ်ခုလုံးက ခေတ်စနစ်နှင့်မလျော်ညီတော့တဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအပြုအမူ၊ အတွေးအမြင်များကို အပြီးတိုင်ပြုပြင်ပြောင်းလဲဖို့ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြဖို့ လိုအပ်မှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဝိုင်းဝန်းထိန်းညှိခြင်းကို တစ်ဦးချင်းကစလို့ လူမှုအဖွဲ့အစည်း တစ်ရပ်လုံးက ကျင့်ကြံကြရမယ်လို့ ဆိုလိုရင်းလည်းဖြစ်ပါတယ်။

ထို့အပြင် ကူးပြောင်းဆဲကာလမှာ လျှောက်လှမ်းသွားမည့် ခရီးနဲ့ ဆီလျော်အံဝင်မည့် အတွေးအခေါ်များကို ကိုင်စွဲပြီး မျက်မှောက်အခြေအနေများနဲ့ ကင်းလွတ်မနေတဲ့ အစီအမံများကိုသတိကြီးစွာ အမြော်အမြင်ကြီးစွာ ဝိုင်းဝန်းထိန်းညှိအားပြုနေကြမှသာ ကောင်းမွန်တဲ့ရလဒ်များ ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

နုနယ်သေးတဲ့ မြန်မာ့ဒီမိုကရေစီခရီးမှာ အကန့်အသတ် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်နေရတာဖြစ်လို့ ပတ်သက်သူများအားလုံးက ပြိုင်တူတွန်းမှ ရွေ့နိုင်မည့် မြန်မာ့ဒီမိုကရေစီရေးအတွက် အတ္တကြီးစွာ၊ အတိတ်ကိုဖက်တွယ်ပြီး ရေသာခိုနေမယ်ဆိုရင် "မိုးပြို လူအများ" ဆိုတဲ့ သဘောသဘာဝကိုလည်း မမေ့မလျော့ခံယူထားဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

ခေတ်စနစ်ကပေးတဲ့သင်ခန်းစာများနဲ့ ခါးသီးတဲ့ အတွေ့အကြုံများက ပေးတဲ့အသိတရားများအရ တန်းတူညီမျှသော အခွင့်အရေးများ ရယူခံစားနိုင်တဲ့ စနစ်ကို မျက်မှောက်ပြုနေပြီဖြစ်တဲ့ လက်ရှိအခြေအနေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သိရှိနားလည် တန်ဖိုးထားပြီး ရရှိပြီးသော ရလဒ်ကောင်းများကို အမိအရကိုင်စွဲပြီး ရည်မှန်းရာပန်းတိုင်မှ သွေဖည်မသွားဖို့ ဝိုင်းဝန်းထိန်းညှိပေးကြရမှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ "အပြုသဘောဆောင်တဲ့ စိတ်ရင်းစေတနာ လုပ်ဆောင်ချက်များဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် သာယာဝပြောသော မြန်မာ့ဒီမိုကရေစီ လူ့ဘောင်သစ်ကြီးသို့ တူညီသောရည်မှန်းချက်ဖြင့် လျှောက်လှမ်းနိုင်ရန်အတွက် မြန်မာ့ဒီမိုကရေစီ ရှင်သန်ဖို့ ဝိုင်းဝန်းထိန်းညှိကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၂ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | ခေတ်ပြိုင်အိန္ဒိယရုပ်ရှင်များ | နေသစ်နီ | ၄၀၀၀ | ကျားချောင်း |
| ၂။ | ခံစားမှု၊ ဆင်ခြင်မှုများနှင့် ရာဇဝင်ထဲသို့ ခရီးသွားခြင်း | မမိုးမြေ | ၃၀၀၀ | ယဉ်မျိုး |
| ၃။ | သမီးလေးဆုသို့ | ပါမောက္ခသိန်း | ၅၀၀၀ | Myanmar Book Center |
| ၄။ | တစ်ဆင့်ချင်းချစ်တယ် တစ်နေရာမှာတော့ရှိလိမ့်မည် | လရောင်ကျူးရင့် | ၃၀၀၀ | ပတ္တမြားသိုက် |
| ၅။ | ပလ္လင်ထက်မှကစားပွဲ (ဒုတိယတွဲ) | မျိုးဇော်ဝင်း | ၇၅၀၀ | Book Tree |
| ၆။ | လျှို့ဝှက်ခုနစ်ဖော် | သီရိ | ၂၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၇။ | စကားထဲကတရား တရားထဲကစကား | မင်းနန် (မော်ကျွန်း) | ၃၀၀၀ | အလင်းသစ် |
| ၈။ | ရွှေနိုင်ငံနိဒါန်း | ဝင်းပြုံးမြင့် | ၅၅၀၀ | Journalist |
| ၉။ | လယ်ယာမြေဥပဒေကို ဘယ်လိုပြင်ဆင်သင့်သလဲ? | ခရမ်း-သန်းဆွေ | ၂၀၀၀ | ယဉ်မျိုး |
| ၁၀။ | ပန်းပွင့်များရဲ့စီးချင်း | ကြည်ကြည် | ၄၀၀၀ | စိန်မိုးယံ |
| ၁၁။ | ကလေးတို့အတွက် သုတဘဏ် ကမ္ဘာ့အထင်ကရဒေသများ | စိန်ဝင်းစိန် | ၃၀၀၀ | ဓူဝံ |
| ၁၂။ | ကလေးတို့အတွက် သုတဘဏ် ကြီးမြတ်သောဘဝများ | စိန်ဝင်းစိန် | ၃၀၀၀ | ဓူဝံ |
| ၁၃။ | မြန်မာ့တကောင်း ပျူတကောင်း | မှော်ဝန်သားဦးခင်ညွှန့် | ၃၅၀၀ | ချစ်စံဝင်း |
| ၁၄။ | အနောက်တောင်တိုင်း ရွှေလင်းယုန်စစ်ဆင်ရေး | အေးစန် (သာယာဝတီ-သုံးဆယ်) | ၆၀၀၀ | ချစ်စံဝင်း |
| ၁၅။ | ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ကတ္တီပါလက်သည်အမှု | မောင်ဝံသ | ၃၀၀၀ | ဒေါင်းစာပေ |
| ၁၆။ | ကြေးစားသစ္စာ | မောင်မြတ်မိုး | ၃၀၀၀ | အိပ်မက်သစ် |
| ၁၇။ | ပါလီမန်ခေတ်မြန်မာ့စီးပွားရေး စီမံကိန်းဖြစ်စဉ်နှင့် နိုင်ငံရေး ဘောဂဗေဒအမြင် | ဦးသန်းဝင်းရွှေ | ၃၀၀၀ | Wisdom House |
| ၁၈။ | အောင်ဇဗ္ဗူဝတ်ရွတ်စဉ်နှင့် ဘုရားရှိခိုးအမျိုးမျိုး | အရှင်ခေမာစာရ | ၂၅၀၀ | မဖျိမ |
| ၁၉။ | ဧည့်လမ်းညွှန်ခရီးသည် ခရီးသွားဆောင်းပါးများ | ကလောင်စုံ | ၃၀၀၀ | စိတ်ကူးသစ် |
| ၂၀။ | လူလည်ဗေဒ | ကျော်မျိုး | ၃၅၀၀ | လူငယ်တစ်ယောက် |
| ၂၁။ | မြန်မာ့ကော်ဖီလက်စွဲစာစောင် | | ၃၅၀၀ | မိခင်ဧရာဝတီ |
| ၂၂။ | ပြည်သူ့အတွက် ရေးပေးခဲ့တဲ့ ပြည်သူ့အရေးဆောင်းပါးများ | ဦးဦးကျော် | ၂၀၀၀ | စာပေလောက |
| ၂၃။ | ထွဏ်းသွေးအိမ်ကိုတွေ့ရင် ပြောပါလား | ထွဏ်းသွေးအိမ် | ၂၀၀၀ | ယဉ်မျိုး |
| ၂၄။ | Manor Sisyphus | မနော်ဟရီ | ၂၅၀၀ | ကြောင်နှစ်ကောင် |
| ၂၅။ | ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း | မောင်သာရ | ၂၂၀၀ | လင်းလွန်းခင် |
| ၂၆။ | စိတ်ဖိစီးမှုကိုပြောင်းပြန်လှန်ကာ အကောင်းဘက်ဆွဲဆောင်ကြည့်ခြင်း | ကျော့မောင် | ၄၀၀၀ | ပန်းဆက်လမ်း |
| ၂၇။ | ဘာကြောင့်သင်မအောင်မြင်ရသလဲ | ဂျွန် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၈။ | Rosella | မယ်လွင့် | ၂၀၀၀ | နှစ်ကာလများ |
| ၂၉။ | ဇီဝနှိုးဆွပစ္စည်းများ Biostimulants | ဦးဖရက်သိန်းဖေ | ၂၀၀၀ | ပုလဲ |
| ၃၀။ | Current Essays အင်္ဂလိပ်စာ ပီပီသသ အက်ဆေးများ | U KhinMaungLatt | ၄၀၀၀ | လောကသစ် |
| ၃၁။ | ပျော်ရွှင်မှုသည်လူငယ်များနှင့်အတူ | မောင်ကိုကို(အမရပူရ) | ၂၅၀၀ | နှစ်ကာလများ |
| ၃၂။ | ဆောင်းပါးတိုစုစည်းမှု (၁) | ချမ်းမြမြသော် | ၂၀၀၀ | စိတ်ကူးသစ် |
| ၃၃။ | နရသိန်စံအိမ်အတွင်းမှပေးစာများ | သန်းထွန်း(ပျဉ်းမနား) | ၃၀၀၀ | ယဉ်မျိုး |
| ၃၄။ | ဝိယသနာဆိုတာဘာလဲ | မောင်မောင်သိန်း | ၂၀၀၀ | ရန်အောင် |
| ၃၅။ | မောင်ရှင်ဆိုင်းထမ်းဝတ္ထုတိုများ | သစ္စာနီ-မနော်ဟရီ သရဝဏ်(ပြည်) | ၂၄၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၆။ | နေဘ် | တင်ညွန့် | ၄၀၀၀ | မောက္ခ |
| ၃၇။ | လွတ်မြောက်ရာလမ်း | တင်ညွန့် | ၃၀၀၀ | မောက္ခ |
| ၃၈။ | ဖြတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ | ဒဂုန်တာရာ | ၂၇၀၀ | နေရီရီ |

## မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်နေ မြို့လူမျိုးတစ်ဦး အသတ်ခံရ

**မောင်တော စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်တွင် နေထိုင်သည့် မြိုလူမျိုးတစ်ဦး အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့ သစ်တုံးနားခွဆုံကျေးရွာအုပ်စု ခွဆုံရွာသစ်ကျေးရွာ၌ နေထိုင်သည့် ဦးဒူလူ (မြိုလူမျိုး) အသက် ၄၀ သည် တစ်ရွာတည်းနေ ဦးကာလင်ဝိုင်၏ နွားရှစ်ကောင်ကို အငှားထိန်းကျောင်းရာမှ စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် နွားကျောင်းသူနှင့် နွားများပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ကျေးရွာသားများ စုပေါင်းရှာဖွေရာ နွားခြောက်ကောင်အားတွေ့ရပြီး နွားနှစ်ကောင်နှင့် ဦးဒူလူမှာ ပျောက်ဆုံးနေ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်။

ကျေးရွာသားများသည် ယနေ့နံနက်ပိုင်းတွင် ဆက်လက်ရှာဖွေရာ အစံကျော်တံတား ကားလမ်း၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောင်ကြား၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် ဦးဒူလူ၏ အလောင်းအား တွေ့ရှိခဲ့သည်။ အဆိုပါ အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လှူဒါန်းထားသည့်ရွှေများမှာ အရောအနှောများမဟုတ်ဘဲ အစစ်အမှန်သာကပ်လှူထားဟု ဂေါပကအဖွဲ့ ပြောကြား



**ရန်ကုန် စက်တင်ဘာ ၂၀**

စေတနာရှင်၊ အလှူရှင်များလှူဒါန်းထားသည့် ရွှေသက်န်းများအား အခြားသောအရာများနှင့် ရောနှောထားခြင်းမရှိဘဲ ရွှေအစစ်များကိုသာ ရာနှုန်းပြည့်ကပ်လှူထားခြင်းဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရွှေတိဂုံစေတီတော်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း(ရင်ပြင်တော်တောင်ဘက်တွင်)ကျင်းပသည့် ၂၀၁၈-၂၀၁၉ ရွှေသက်န်းတော်ကပ်လှူခြင်းကိစ္စ မီဒီယာရှင်းလင်းပွဲတွင် ဂေါပကအဖွဲ့၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

"မသိနားမလည်ကြတာရယ်၊ မရှင်းလင်းမှုတွေရယ်ကြောင့် သတင်း၊ ဆောင်းပါးအမှားတွေ၊ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြနေတဲ့သတင်းမှားတွေကြောင့် အများသူငါ ယုံကြည်သဒ္ဓါပွားများ ကြည်ညိုနေကြတဲ့ ရွှေတိဂုံစေတီတော်ကြီးရဲ့ ပုံရိပ်ကို ထိခိုက်မှုတွေဖြစ်စေလို့ ဒါတွေနဲ့ပတ်သက်ပြီး အခုလို မီဒီယာရှင်းလင်းပွဲကို လုပ်ရခြင်းဖြစ်ပါတယ်။ စေတီတော်ကြီးမှာ အသုံးပြုတဲ့ရွှေနဲ့ပတ်သက်လို့ ရွှေထဲမှာ အခြားသော သတ္တုတွေရောတယ်၊ ပါဝင်နေတယ်။ မှန်ကန်မှုမရှိဘူး၊ မသမာဘူးဆိုပြီးတော့ ပြောဆိုရေးသား ဖော်ပြနေကြတာတွေ့ရတယ်။ မသိနားမလည်လို့ ဝေဖန်ကြတာလို့ပဲမြင်ပါတယ်။ အမှန်တကယ်က နိုင်ငံတော်အစိုးရထံတင်ပြပြီးတော့ နေပြည်တော်မှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်း(ရာနှုန်းပြည့်နီးပါး)ရှိတဲ့ ရွှေတုံးတွေကို သွားရောက်ဝယ်ယူပြီး သက်ဆိုင်ရာဌာနတွေက အတည်ပြုပြီးဖြစ်တဲ့ အစစ်အမှန်တွေကိုသာ ကပ်လှူပူဇော်ခြင်းဖြစ်ပါတယ်။ ပြင်ပရွှေတွေကို ဝယ်ယူမှုလည်းမရှိပါဘူး"ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်က ပြောသည်။

ထိုသို့ဝယ်ယူထားသည့် ရွှေတုံးများကို ရွှေတိဂုံစေတီတော်ပုရိဝုဏ်အတွင်းရှိ လုံခြုံစိတ်ချရသည့်နေရာတွင် စနစ်တကျ ထိန်းသိမ်းထားရှိကြောင်း၊ ရွှေပြားအဖြစ် ထုတ်လုပ်ရန် ထုတ်ယူသည့်အခါတွင်လည်း အဖွဲ့နှင့်တကွ စနစ်တကျဆောင်ရွက်ကြောင်း၊ စာရင်းရေးမှတ် စိစစ်မှုများပြုလုပ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင် စီစီတီဗွီကင်မရာများဖြင့် ရိုက်ကူးထားပြီး ဗဟိုအဆင့်မှ ကြီးကြပ်နေသလို ဂေါပကအဖွဲ့ဝင်များအနေဖြင့်လည်း အနီးကပ်စောင့်ကြပ်မှုပြုလုပ်ကြောင်း၊ မသမာမှုများ၊ လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် ဂေါပကအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ကြာမှောက်ကြာလှန်နေရာတွင် ရွှေအရောင်များလွင့်ပြယ်ပြီး အမည်းရောင် ပြောင်းလဲလာခြင်းနှင့်ပတ်သက်၍ အမျိုးမျိုးသော ရှုထောင့်များမှ ရေးသားတင်ပြနေမှုများကြောင့် အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ အကြည်ညိုပျက်မှုများ မရှိစေရန်အတွက် စေတီတော်ဂေါပကအဖွဲ့အနေဖြင့် ယခုလို မီဒီယာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"စေတီတော်ရဲ့ ကြာမှောက်ကြာလှန်ဆိုတာ အနုပညာလက်ရာမြောက်တဲ့ နေရာတစ်ခုလို့ ပြောလို့ရတယ်။ အခုလိုဒီနေရာမှာ အမည်းကွက်တဲ့ကိစ္စ ဖြစ်လာတော့ အမျိုးမျိုးဝေဖန်ပြောဆိုရေးသားကြတာ တွေ့ရပါတယ်။ အမှန်တကယ်က ဒီပြဿနာက ဘယ်ကစဖြစ်လဲဆိုတော့ ၂၀၁၄ ခုနှစ်မှာ ရောင်တော်ဖွင့်တာ ပြုလုပ်ခဲ့ကြတယ်။ အဲလိုလုပ်တဲ့အခါမှာ စာချုပ် ချုပ်ထားတဲ့ကုမ္ပဏီက ဓာတုဆေးသုံးခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်မှာ အမည်းကွက်တဲ့ကိစ္စဖြစ်လာတယ်။

ဒါနဲ့ပတ်သက်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာပဲ ပညာရှင်တွေနဲ့ဆွေးနွေးပြီး အဖြေရှာတော့ ဓာတုပစ္စည်းတွေသုံးပြီးတဲ့အခါ ရေကိုဖောဖောသီသီမသုံးခဲ့လို့ ဖြစ်ရတယ်ဆိုပြီး အနီးစပ်ဆုံး ကောက်ချက်ချခဲ့ကြတယ်။ ဖြစ်ချင်တော့ ရောင်တော်ဖွင့်တဲ့အချိန်မှာ စေတီတော်ရဲ့ အောက်ခြေမှာက ရွှေမျက်ပါးသက်န်းတွေတစ်ပြိုင်တည်း ကပ်လှူနေတာဆိုတော့ ရေများများသုံးရင် အောက်က လုပ်တဲ့နေရာတွေ ပျက်စီးကုန်မယ်ဆိုပြီးတော့ ရေများများ မသုံးခဲ့တာကို တွေ့ရတယ်။ ပညာရှင်တွေကတော့ အဲဒီမည်းနေတဲ့ ရွှေပြားတွေကိုဖြုတ်ပြီး ဓာတ်ခွဲခန်းမှာ စမ်းသပ်ကြည့်မယ်ဆိုရင်တော့ ဘာကြောင့်ဖြစ်ရတယ်ဆိုတဲ့အဖြေကို ထုတ်နိုင်မယ်လို့ ပြောတယ်။ ဒါပေမယ့် အဲဒီနေရာကိုပဲ ကွက်ပြီး ရွှေပြားတွေဖြုတ်လိုက်မယ်ဆိုရင်လည်း အများအမြင်မသင့်တော်လို့ ဖြန်းဆင်တဲ့အချိန်ကျမှပဲ တစ်ခါတည်း စစ်ဆေးမယ်ဆိုပြီးတော့ ၂၀၁၆ ခုနှစ်ကတည်းက ညှိနှိုင်းဆုံးဖြတ်ခဲ့ကြတာပါ။ အခုလိုရွှေသက်န်းကပ်လှူမယ်ဆိုပြီး ဖြန်းဆင်နေတာပြီးရင် အဲဒါကို ဦးစားပေးလုပ်ဆောင်သွားမှာပါ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွဲ့စည်းပေးတဲ့ ပညာရှင်အဖွဲ့တွေနဲ့ စစ်ဆေးပြီး ရလာတဲ့အဖြေပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သေချာတာက အရည်အသွေးကောင်းမွန်အောင် ပြန်လည်လုပ်ဆောင်သွားမှာပါ။ ရွှေအစစ်မဟုတ်ဘဲ ဘော်သုံးတယ်ဆိုတာ မဟုတ်ပါဘူး"ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ရွှေနှင့် ရတနာတာဝန်ခံ ဦးညိုဝင်းက ပြောသည်။

ကောလာဟလဖြစ်မှုများ၊ သတင်းမှားများထွက်ပေါ်မှုများနှင့်ပတ်သက်၍ စေတီတော်ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်ဦးက မီဒီယာဆိုသည်မှာ တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်အဖြစ် မိမိခံယူထားကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၂၆၀၀ ကျော်ခဲ့ပြီဖြစ်ပြီး သမိုင်းဝင်၊ ကမ္ဘာကျော်စေတီတော်ကြီးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လက်လွတ်စပယ် ထောက်ပြရေးသားခြင်းများကို ပြုလုပ်ရန်မသင့်ဟု ယူဆကြောင်း၊ ယခုကိစ္စကို မိမိတို့ဂေါပကအဖွဲ့ဝင်များသာမက ရွှေတိဂုံဩဝါဒဆရာတော်ကြီးများပါ များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ဝိုင်းဝန်းထိန်းသိမ်း၍ အမှန်တရားကိုသာ ဝေဖန်ထောက်ပြစေလိုကြောင်း၊ ပေါ့ပေါ့တန်တန် သဘောမထားစေလိုကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ငါးနှစ်တစ်ကြိမ် ရွှေသက်န်းကပ်လှူပူဇော်လေ့ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသက်န်းကပ်လှူရန်အတွက် ဖြန်းစေတီလုပ်ငန်းစတင်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စေတီတော်အထက်ပစ္စယံ တနင်္ဂနွေထောင့်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း- ရာမည၊ ဓာတ်ပုံ- ရဲထွန်း**

# ရန်ကုန်-မန္တလေးရထားလမ်း ရေတာရှည်မြို့နှင့် ဆွာမြို့အကြား အစုန်လမ်းပိုင်းမှ ရထားများသွားလာနိုင်ပြီ

**ရေတာရှည် စက်တင်ဘာ ၂၀**

ရထားလမ်းပိုင်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ သွားလာပို့ဆောင်ရေးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၃၀ ရက်မှစတင်၍ နေ့ရောညပါ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် တံတားအမှတ်(၃၀၅)၏ အစုန်လမ်းပိုင်းအနေဖြင့် ယာယီသွားလာနိုင်ရန် ပြုပြင်ပြီးစီးသွားပြီဖြစ်၍ ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသော ခရီးသည်တင် အမှတ်(၁၁)အဆန်ရထားသည် လည်းကောင်း၊ မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၁၂)အစုန်ရထားသည် လည်းကောင်း တံတားအမှတ်(၃၀၅)ပေါ်မှ ညနေ ၃ နာရီဝန်းကျင်ခန့်၌ အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်သည်။


ထိုသို့ ခရီးသည်တင်ရထားများ သွားလာနိုင်ခြင်းမရှိမီ နံနက်ပိုင်း ၉ နာရီ ၄၁ မိနစ်ခန့်က မြန်မာ့မီးရထားစီးပွားရေးဌာနမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်လှိုင်နှင့် မြို့ပြအင်ဂျင်နီယာဌာန ဒုတိယ အထွေထွေမန်နေဂျာ ဦးဌေးလှိုင်တို့ အနီးကပ်ကြီးကြပ်မှုဖြင့် မြင်းကောင်ရေ ၉၀၀ စက်ခေါင်းတပ်ဆင်ထားသော ကျောက်တင်ရထားဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းကောင်ရေ ၂၀၀၀ စက်ခေါင်းတပ်ဆင်ထားသော ကျောက်တင်ရထားဖြင့် လည်းကောင်း စမ်းသပ်မောင်းနှင်ပြီးမှ ခရီးသည်တင်ရထားများအား ဖြတ်သန်းမောင်းနှင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ရထားများ ပြေးဆွဲနိုင်ခြင်းမရှိသည့်အတွက် ရန်ကုန်နှင့်မန္တလေးဘက်မှ ရထားဖြင့် လိုက်ပါလာကြသည့် ဝန်ထမ်း၊ ခရီးသည်များအား တပ်မတော်ပိုင် City Bus များဖြင့် ဩဂုတ် ၃၁ ရက်မှ ယနေ့နံနက်ပိုင်းအထိ ခရီးသည်ပေါင်း ၃၂၃၉၂ ဦးကို ရေတာရှည်မြို့နှင့် ဆွာမြို့အကြား ပြေးဆွဲပေးခဲ့ပြီး တံတားအမှတ်(၃၀၅)၏ အဆန်လမ်းပိုင်း တံတားပြုပြင်မှုမှာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ပြီးစီးမည့်ကာလကို အတိအကျမပြောနိုင်သေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းသည် ဩဂုတ် ၂၉ ရက်က ရေတာရှည်မြို့နယ် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်ရာမှ ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဆွာမြို့နှင့် ကုန်းကြီးဘူတာအကြား၌ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ပြီး မိုင်တိုင် ၁၉၈/၂၁ နှင့် ၂၂ အကြားရှိ တံတားအမှတ်(၃၀၅)မှ အုတ်ခုံများပါမကျန် ကျိုးပြတ်ကာ ရေနောက်မျောပါပျက်စီးခဲ့သည်။

**ကိုလွင်(ဆွာ)**






## အသိပေးကြေညာချက်

၁။ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော ရေလုပ်သားများအား Visa နှင့် Work Permit(နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်)အတွက် ထိုင်းနိုင်ငံမှ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်၍ အလုပ်သမားများအနေဖြင့် အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ရန် အသိပေး ကြေညာအပ်ပါသည်-

(က) ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့်ရေလုပ်သားကို ဆက်လက်နေထိုင်ခွင့်သက်တမ်း ၂ နှစ်တိုးမြှင့်ပေးမည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ခရိုင် ၂၂ ခုရှိ One Stop Service Center များတွင် ၂၀-၈-၂၀၁၈ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး ၃၀-၉-၂၀၁၈ ရက်နေ့ထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(ခ) (ရေဘတ်)နေထိုင်ခွင့်သက်တမ်း ၂ နှစ် ထပ်မံတိုးမြှင့်ပေးရာတွင် နိုင်ငံကူးလက်မှတ်(သို့မဟုတ်) CI နှင့် Sea-Book ရှိပြီးသူများကို တစ်နှစ်လျှင်တစ်ကြိမ် ဗီဇာနှင့် Work Permit တို့ကိုသက်တမ်း ၁ နှစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ရေလုပ်သားများအနေနှင့် မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များအား အောက်ပါအလုပ်သမားသံအရာရှိများထံ ဆက်သွယ်စုံစမ်း၊ မေးမြန်းအကူအညီတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဦးစန်းမောင်ဦး | ၀၉၄၈၈၄၅၄၈၄ |
| (ခ) | ဦးဦးခင်မောင် | ၀၉၉၀၅၉၂၃၅၂ |
| (ဂ) | ဦးသန်းနိုင် | ၀၆၅၂၂၀၆၉၅၁ |
| (ဃ) | ဦးဇော်မင်းအောင် | ၀၆၅၂၂၀၆၉၅၂ |
| (င) | ဦးအောင်မင်း | ၀၆၅၂၂၀၆၉၅၃ |

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

## ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

**(၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။
(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။
(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။
(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၄ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၈ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၆ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၃ ဒသမ ၀ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆ ဒသမ ၄ ရာခိုင်နှုန်းမှ ၃၇ ဒသမ ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀ ဒသမ ၆ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊
(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၇၁,၇၅၇ ဒသမ ၉ ဘီလီယံ ဖြစ်ပေါ်ရန်၊
(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၄ ဒသမ ၉၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် သုည ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၅ ဒသမ ၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊
(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၂၀,၈၀၈ ဒသမ ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၁,၄၈၈ ဒသမ ၀ ဘီလီယံ တင်သွင်းရန်၊
(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၇၇၃,၆၁၅ မှ ကျပ် ၁,၉၇၈,၄၈၆ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

ပူးတွဲ-၁

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး–ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀,၁၃၂,၇၁၀.၀** | **၂၄.၀** | **၂.၁** | **၂၀,၇၁၀,၉၁၅.၈** | **၂၃.၀** | **၂.၉** |
| | ၁ | လယ်ယာ | ၁၃,၅၄၃,၁၇၄.၆ | ၁၆.၁ | ၁.၇ | ၁၃,၈၆၂,၇၈၈.၈ | ၁၅.၄ | ၂.၄ |
| | ၂ | သားငါး | ၆,၅၂၁,၇၄၇.၂ | ၇.၈ | ၂.၆ | ၆,၇၇၉,၅၆၆.၇ | ၇.၅ | ၄.၀ |
| | ၃ | သစ်တော | ၆၇,၇၈၈.၂ | ၀.၁ | ၂၂.၃ | ၆၈,၅၆၀.၃ | ၀.၁ | ၁.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၉,၆၄၈,၈၅၃.၂** | **၃၅.၃** | **၈.၀** | **၃၂,၄၂၁,၄၇၂.၅** | **၃၅.၉** | **၉.၄** |
| | ၁ | စွမ်းအင် | ၃,၁၆၄,၄၉၉.၁ | ၃.၈ | ၀.၆ | ၃,၂၅၆,၆၃၇.၁ | ၃.၆ | ၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂,၂၆၉.၂ | ၀.၉ | -၂.၅ | ၈၆၂,၀၄၈.၅ | ၀.၉ | ၇.၅ |
| | ၃ | စက်မှုလက်မှု | ၁၉,၁၁၁,၉၉၇.၀ | ၂၂.၈ | ၉.၉ | ၂၁,၂၄၃,၂၃၉.၄ | ၂၃.၅ | ၁၁.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၈၂,၄၇၇.၁ | ၁.၅ | ၁၀.၆ | ၁,၃၁၉,၅၂၈.၂ | ၁.၅ | ၂.၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၂၈၇,၆၁၀.၈ | ၆.၃ | ၇.၄ | ၅,၇၄၀,၀၁၉.၃ | ၆.၄ | ၈.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၄,၀၄၄,၈၉၂.၀** | **၄၀.၇** | **၈.၀** | **၃၇,၁၃၇,၆၀၅.၄** | **၄၁.၁** | **၈.၈** |
| | ၁ | ပို့ဆောင်ရေး | ၉,၈၉၇,၄၈၅.၆ | ၁၁.၈ | ၇.၉ | ၁၀,၇၇၄,၁၇၃.၂ | ၁၁.၉ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၀၇,၁၁၆.၅ | ၂.၄ | ၁၁.၉ | ၂,၃၀၇,၄၅၄.၆ | ၂.၅ | ၁၅.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၄ | ၁၅.၆ | ၃၃၃,၆၀၆.၄ | ၀.၄ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၉၇၀,၄၆၄.၅ | ၃.၅ | ၃.၉ | ၃,၁၈၈,၁၄၃.၉ | ၃.၅ | ၇.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၄၆၉,၅၀၅.၉ | ၂.၉ | ၁၁.၉ | ၂,၇၆၅,၈၄၆.၆ | ၃.၁ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၆,၄၉၄,၂၅၇.၃ | ၁၉.၇ | ၇.၆ | ၁၇,၇၆၈,၃၈၀.၇ | ၁၉.၇ | ၇.၇ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၃,၉၂၆,၄၅၅.၂** | **၁၀၀.၀** | **၆.၅** | **၉၀,၂၆၉,၉၉၃.၇** | **၁၀၀.၀** | **၇.၆** |

(ဆက်လက်ဖော်ပြပါမည်)

# ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူအများစုက ရွေးကောက်လိုက်တဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်ဟာဆိုရင် မဲဆန္ဒနယ်တစ်နယ်လုံးကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားပါတယ်

ဦးမြင့်နိုင်

## ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဟေသူဆွေမွန်နှင့် ဒေါ်မေဇွန်သော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

ရှင်မင်း

**ယမန်နေ့မှအဆက်**

**ဦးမြင့်နိုင်။** ။ အရွေးကောက်မခံရလို့ ပြည်သူ့အကျိုးကို မလုပ်တော့ဘူး။ ရှုံးတယ်၊ နိုင်တယ်ဆိုတာကတော့ နားလည်လွယ်အောင်ပြောကြတာပါ။ ဒီလို ရွေးကောက်ပွဲမျိုးမှာတော့ ရှုံးတယ်ဆိုတာမရှိဘူး။ ငါ ဒီတစ်ခါ ရွေးကောက်မခံလိုက်ရဘူး။ နောက်တစ်ခါ ရွေးကောက်ပွဲတွေ လာဦးမှာပဲ။ ဘာကြောင့် ဒီတစ်ကြိမ်မှာ ရွေးကောက်မခံရတာလဲဆိုတာ ပြန်သုံးသပ်ပြီးတော့ နောင်တစ်ချိန်မှာ ရွေးကောက်ခံရအောင် လုပ်ရမှာပါ။ ပြည်သူ့အကျိုးကို အမြဲဆောင်ရွက်နေရမယ်။ ရွေးကောက်ခံရသူကိုလည်း အသိအမှတ်ပြုပြီးတော့ ပူးပေါင်းဆောင်ရွက်ရမယ်။ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်လိုက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ရော ဘယ်လိုသဘောထားရှိရမလဲ ပြောပြပါဦး။

**ဒေါ်ဟေသူဆွေမွန်။** ။ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရှိလာမယ်။ ဆန္ဒမဲပေးလိုက်တဲ့ ပြည်သူတွေရဲ့ကိုယ်စားလှယ်သာ ဖြစ်တယ်လို့ မမှတ်ယူသင့်ပါဘူး။ မဲဆန္ဒနယ်တစ်နယ်လုံးရဲ့ ကိုယ်စားပြုသူအဖြစ်သာ မှတ်ယူကြရမယ်။ ဆန္ဒမဲပေးခဲ့သူ၊ မပေးခဲ့သူဆိုပြီး ကျောသား၊ ရင်သား ခွဲခြားလို့မရဘူး။ မဲဆန္ဒရှင် တစ်နယ်လုံးမှာရှိတဲ့ ပြည်သူအားလုံးရဲ့ ကိုယ်စားပြုသူတစ်ဦးအနေနဲ့သာ မှတ်ယူထားသင့်ပါတယ်။ မဲဆန္ဒနယ် တစ်နယ်လုံးရဲ့ ကိုယ်စားပြုသူအနေနဲ့ဆိုရင် ပြည်သူလူထုနဲ့ နိုင်ငံတော်ကောင်းကျိုးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ ရွေးကောက်ခံရတဲ့သူလည်းပဲ ဒီလိုသဘောထားရမှာပဲ ဖြစ်ပါတယ်။ မဲပေးလိုက်တဲ့၊ ဆန္ဒမဲပေးလိုက်တဲ့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ကရော ရွေးကောက်ပွဲပြီးသွားရင် ဘယ်လိုခံယူချက်၊ ဘယ်လိုသဘောထားရမလဲ။

**ဦးဇော်နောင်လတ်။** ။ မဲဆန္ဒရှင်ပြည်သူတွေကလည်းပဲ ရွေးကောက်ပွဲမှာ ကြိုက်နှစ်သက်တဲ့သူကို လွတ်လွတ်လပ်လပ် မဲပေးပိုင်ခွင့်ရှိသလို မဲလည်း ပေးကြရမှာ ဖြစ်ပါတယ်။ မဲပေးပြီးတဲ့နောက်ပိုင်းမှာ မဲရလဒ်အရ အများဆုံးအနိုင်ရရှိတဲ့သူကို ဝမ်းပန်းတသာနဲ့ ကြိုဆိုဂုဏ်ပြုတတ်ကြရမှာ ဖြစ်ပါတယ်။ မဲပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်း အနိုင်မရရှိပေမယ့် ရွေးချယ်ခံရတဲ့သူဟာ အများစုကရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလက်ခံတတ်ကြရမှာ ဖြစ်ပါတယ်။



**ဦးမြင့်နိုင်။** ။ ဒီမိုကရေစီရဲ့ အနှစ်သာရ၊ ဒီမိုကရေစီရဲ့ သဘော၊ ဒီမိုကရေစီရဲ့ စနစ်ကတော့ ပြည်သူတွေကပဲ အုပ်ချုပ်တာဖြစ်တယ်။ ပြည်သူရွေးတဲ့ ပြည်သူ့ကိုယ်စားလှယ်ကို ရွေးချယ်လိုက်ပြီးတော့မှ သူတို့ကပဲ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်တာဖြစ်တယ်။ အဲဒီလို ရွေးလိုက်တဲ့နေရာမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ ဆန္ဒမဲပေးတဲ့သူတွေနဲ့ ရွေးကောက်ပွဲရှိလာတဲ့အခါ ရွေးကောက်ခံရတဲ့သူတွေနဲ့ ရွေးကောက် မခံရတဲ့သူတွေဆိုပြီး ရလဒ်က နှစ်မျိုးပဲ ရှိမှာဖြစ်တယ်။

### ဒီမိုကရေစီရဲ့ အနှစ်သာရ

ဒီမိုကရေစီရဲ့ အနှစ်သာရ အခြေခံသဘောကိုက လူအများစုရဲ့ဆန္ဒကို လူအနည်းစုက လေးစားရမယ်။ လူအနည်းစုရဲ့ဆန္ဒကိုလည်း လူအများစုက အလေးဂရုပြုရမယ်။ ပစ်ပယ်ထားလို့မရပါဘူး။ ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူအများစုက ရွေးကောက်လိုက်တဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်ဟာဆိုရင် မဲဆန္ဒနယ် တစ်နယ်လုံးကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သွားပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်များက ရွေးကောက်ပွဲမတိုင်မီ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပါ။ မဲရလဒ်ကြေညာတဲ့အခါ ကိုယ်မဲပေးတဲ့ ကိုယ်စားလှယ်လောင်းမဟုတ်သော်လည်း အများက ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ပါတယ်။

ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်း ကိုယ်အနိုင်မရရှိသော်လည်း အနိုင်ရရှိတဲ့ ကိုယ်စားလှယ်လောင်းဟာ အများက ရွေးချယ်တဲ့ ကိုယ်စားလှယ်ဖြစ်တယ်ဆိုတာကို လက်ခံပေးရမယ်။ သူ့ကို ဂုဏ်ယူရမယ်။ လေးစားရမယ်။ ချီးကျူးရမယ်။ ချက်ချင်း လက်ဆွဲနှုတ်ဆက်နိုင်ရမယ်။ အသိအမှတ်ပြုနိုင်ရမယ်။ သူနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်ရမယ်။ အဲဒီလိုဖြစ်အောင်လို့ ရွေးကောက်ပွဲတွေ ကျင်းပပေးနေပါတယ်။ မဲဆန္ဒပေးကြပါ။ ရွေးကောက်ခံရတာနဲ့ တစ်ပြိုင်နက်၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် နိုင်ငံအတွင်း အချုပ်အခြာဖြစ်တဲ့ အုပ်ချုပ်ရေးကဏ္ဍဖြစ်ဖြစ်၊ ဥပဒေပြုရေးကဏ္ဍဖြစ်ဖြစ် သူပါဝင်ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။

### ပြည်သူအများရဲ့ကိုယ်စား

ပါဝင်ဆောင်ရွက်တဲ့အခါ ပြည်သူအများရဲ့ကိုယ်စားအဖြစ် ပါဝင်ဆောင်ရွက်ရတာဖြစ်တယ်။ ကိုယ့်မဲဆန္ဒနယ်ရဲ့ကောင်းကျိုး၊ နိုင်ငံရဲ့ကောင်းကျိုး၊ ပြည်သူတွေရဲ့ကောင်းကျိုးတွေကို လုံ့လစိုက်ပြီး အားထုတ်ဆောင်ရွက်ရမယ်။ ရွေးကောက်မခံရတဲ့သူကလည်း ခုနကပြောသလိုပဲ နောင်တစ်ချိန်မှာ ရွေးကောက်ခံရအောင် ကြိုးစားရမှာဖြစ်တယ်။ အမြဲတမ်းကြိုးစားနေရမယ်။ အဲဒီလို မြင့်မြတ်တဲ့ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် ဘယ်လိုဆောင်ရွက်မလဲဆိုတာလည်း ဆွေးနွေးပေးကြပါ။

**ဒေါ်မေဇွန်သော်။** ။ ဒီမိုကရေစီစနစ်မှာဆိုရင် ရွေးကောက်ပွဲတွေဆိုတာရှိနေမှာပါ။ နိုင်ငံရေးပါတီတွေဆိုတာလည်း ရှိနေမှာပါ။ ပြည်သူတွေကလည်း ဆန္ဒရှိတဲ့သူကို ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခွင့်ဆိုတာလည်း ရှိနေမှာပါ။ အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပတဲ့နေရာမှာ ဒီမိုကရေစီအစစ်အမှန်ကို ရရှိဖို့ဆိုရင် ရွေးကောက်ပွဲတွေကို ကြီးမှူးကျင်းပပေးနေတဲ့ ရွေးကောက်ပွဲကော်မရှင်၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲတွေ၊ မဲရုံမှူးတွေ၊ မဲရုံကိုယ်စားလှယ်တွေ အစရှိတဲ့သူတွေ ကြီးကြပ်ပြီး ပါဝင်ဆောင်ရွက်ရတဲ့ တာဝန်ရှိသူအားလုံးက သမာသမတ်ကျကျ တရားမျှမျှတတနဲ့ ဆောင်ရွက်ပေးရပါမယ်။

### တရားသဖြင့် မှန်မှန်ကန်ကန်

တခြားတစ်ဖက်က ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကလည်း သမာသမတ်ကျကျ တရားသဖြင့် မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဝင်ရောက်ယှဉ်ပြိုင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရမယ့်အချက်တွေကို သိရှိထားမယ်ဆိုရင် ပိုပြီးတော့ အကျိုးဖြစ်ထွန်းစေမယ်လို့ ထင်မြင်မိပါတယ်။

**ဦးမြင့်နိုင်။** ။ ရွေးကောက်ပွဲကျင်းပမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံးမှူးတွေ စတဲ့ တာဝန်ရှိသူတွေအားလုံးက သမာသမတ်ကျကျ ဆောင်ရွက်ဖို့လိုပါတယ်။ မဲဆန္ဒရှင်တွေဘက်ကရော ဘာတွေလိုအပ်မလဲ။

**ဒေါ်ဟေသူဆွေမွန်။** ။ မဲဆန္ဒရှင်တွေကလည်း လွတ်လပ်စွာ၊ လျှို့ဝှက်စွာ မဲပေးပိုင်ခွင့်ရှိရမယ်။ ကိုယ်ကြိုက်နှစ်သက်ရာသူကိုလည်း ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိရမယ်။ မဲပေးတဲ့ မဲဆန္ဒရှင်အစစ်အမှန်ကိုလည်း ဖော်ထုတ်ပေးနိုင်ရမယ်။ ရွေးကောက်ပွဲ စတင်မကျင်းပမီကနေ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်အထိ ပွင့်လင်းမြင်သာမှုရှိရမယ်။ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရာမှာလည်း အများပြည်သူရဲ့ ယုံကြည်မှု၊ လက်ခံမှု ရရှိဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီအစစ်အမှန်ရဲ့ အရသာကိုတွေ့နိုင်၊ မြင်နိုင်၊ ခံစားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဦးမြင့်နိုင်။** ။ တာဝန်ရှိတဲ့သူအားလုံးက ရွေးကောက်ပွဲကျင်းပရာမှာ သမာသမတ်ကျစွာ အားလုံး ပူးပေါင်းဆောင်ရွက်ပေးရမယ်။ မဲပေးတဲ့သူတွေကလည်း ကိုယ်ကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမယ်။ လွတ်လပ်ရမယ်။ လျှို့ဝှက်ရမယ်။ သူတို့ဆန္ဒရှိတဲ့သူကို မဲပေးနိုင်အောင် ဆန္ဒအစစ်အမှန်ကိုလည်း ဖော်ထုတ်ပေးရမယ်။ အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပနိုင်အောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အချက်ငါးချက်ကို ဦးတည်ဆောင်ရွက်ပါတယ်။

### အများယုံကြည်တဲ့ ရွေးကောက်ပွဲ

ဥပဒေနဲ့အညီ လွတ်လပ်သော ရွေးကောက်ပွဲတွေ ဖြစ်ရမယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ အများယုံကြည်တဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲတွေဖြစ်ရမယ်။ မဲဆန္ဒရှင်ရဲ့ ဆန္ဒအမှန်ကိုဖော်ထုတ်နိုင်သော ရွေးကောက်ပွဲတွေ ဖြစ်ရမယ်။ ဒါကြောင့် ရွေးကောက်ပွဲလုပ်ငန်းကို ကြီးကြပ်ပြီးတော့ တာဝန်ယူဆောင်ရွက်နေတဲ့ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ မဲရုံမှူးတွေ တာဝန်ရှိသူတွေအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု၊ ကော်မရှင်အဖွဲ့ခွဲတွေက အများရိုသေလေးစားတဲ့ ရပ်မိ၊ ရပ်ဖတွေဟာဆိုရင် စေတနာနဲ့ သေချာပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

### မြင့်မြတ်တဲ့လုပ်ငန်းမှာ

မြင့်မြတ်တဲ့လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတာကို ဂုဏ်ယူစရာကောင်းပါတယ်။ ဒါကြောင့် မြင့်မြတ်တဲ့ ရွေးကောက်ပွဲဖြစ်အောင် မြင့်မြတ်တဲ့လုပ်ငန်းကို မြင့်မြတ်တဲ့စိတ်ထားနဲ့ သမာသမတ်ကျစွာ ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရကို ရွေးကောက်ပွဲကျင်းပပေးခြင်းအားဖြင့် ပုံဖော်ပေးနေတာဖြစ်တယ်။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာဆိုရင် ဒီမိုကရေစီရဲ့ အနှစ်သာရ၊ ဒီမိုကရေစီရဲ့ သဘောတရား၊ ဒီမိုကရေစီရဲ့ အရသာဒါတွေအားလုံးကို တဖြည်းဖြည်း ပုံပေါ်လာအောင် ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

> ❝ ဒီမိုကရေစီစနစ်မှာဆိုရင် ရွေးကောက်ပွဲတွေဆိုတာ ရှိနေမှာပါ။ နိုင်ငံရေးပါတီတွေဆိုတာလည်း ရှိနေမှာပါ။ ပြည်သူတွေကလည်း ဆန္ဒရှိတဲ့သူကို ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခွင့်ဆိုတာလည်း ရှိနေမှာပါ။ အဲဒီလို ရွေးကောက်ပွဲတွေကျင်းပတဲ့နေရာမှာ ဒီမိုကရေစီအစစ်အမှန်ကို ရရှိဖို့ဆိုရင် ရွေးကောက်ပွဲတွေကို ကြီးမှူးကျင်းပပေးနေတဲ့ ရွေးကောက်ပွဲကော်မရှင်၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲတွေ၊ မဲရုံမှူးတွေ၊ မဲရုံကိုယ်စားလှယ်တွေ အစရှိတဲ့သူတွေကြီးကြပ်ပြီး ပါဝင်ဆောင်ရွက်ရတဲ့ တာဝန်ရှိသူအားလုံးက သမာသမတ်ကျကျ တရားမျှမျှတတနဲ့ ဆောင်ရွက်ပေးရပါမယ် ❞

# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  စက်တင်ဘာ  ၂၀

**အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်**

မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

မကြာခင်မှာဘဲ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပါတော့မယ်။ ကိုယ်စားလှယ်နေရာ များစွာနည်းပါးပေမယ့်လည်း နိုင်ငံရေးပါတီတွေရဲ့ ရပ်တည်ချက်၊ မူဝါဒ၊ တွေ့ကြုံရင်ဆိုင်နေရတဲ့အခြေအနေတွေကို တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ဦးစွာပြောကြားလိုပါတယ်။

**မိဘပြည်သူများခင်ဗျား**

အမျိုးသားတိုးတက်ရေးပါတီရဲ့ရပ်တည်ချက်ဟာ ပါတီအမည်မှာ ထင်ဟပ်စေထားပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး ၁၃၅ မျိုးလုံးရဲ့ အကျိုးစီးပွားပေါ်မှာရပ်တည်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေအောင်လို့ အတွေ့အကြုံပညာများနဲ့ တည်ဆောက်သွားမှသာ အောင်မြင်မှာဖြစ်တယ်လို့ ယုံကြည်ထားတဲ့ပါတီဖြစ်ပါတယ်။

နိုင်ငံတစ်ခုရဲ့ အရေးကြီးကဏ္ဍအချို့အပေါ်မှာ အမျိုးသားတိုးတက်ရေးပါတီရဲ့အမြင်နဲ့မူဝါဒကို တင်ပြသွားပါမယ်။

**စီးပွားရေးကဏ္ဍ**

နိုင်ငံတိုင်းမှာ အရေးကြီးဆုံးက စီးပွားရေးဖြစ်ပါတယ်။ ယနေ့ မြန်မာ့စီးပွားရေးကိုသုံးသပ်ရမယ်ဆိုရင် ကုန်သည်၊ စက်မှုလုပ်ငန်းရှင်များအသင်းက ထုတ်ဝေခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင် ၂၀၀၀ ကျော်လောက်က ထောက်ခံထားတဲ့ စစ်တမ်းအရဆိုရင် မြန်မာ့စီးပွားရေးဟာ ဆက်တိုက်ကျဆင်းနေကာ ယခု ၂၀၁၈ ခုနှစ်မှာ အဆိုးရွားဆုံးဆိုတာ တွေ့ရပါတယ်။ မြန်မာ့ငွေတန်ဖိုးဟာလည်း အိမ်နီးချင်းနိုင်ငံများရဲ့ ငွေတန်ဖိုးနဲ့ယှဉ်မယ်ဆိုရင် ပိုမိုကျဆင်းသွားခဲ့တာတွေ့ရပြီး စီးပွားရေးကို ပိုပြီးထိခိုက်စေခဲ့ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီက နိုင်ငံတစ်ခု စီးပွားရေး မည်မျှအရေးကြီးတယ်ဆိုတာကို ကောင်းစွာသိရှိပြီး မြန်မာ့စီးပွားရေး ပြန်လည်နာလန်ထအောင်၊ ဒုတိယအဆင့်အနေနဲ့ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ မူဝါဒရော၊ နည်းလမ်းနဲ့ပညာရောရှိထားတဲ့ ပါတီဖြစ်ပါတယ်။ မိမိမှာရှိတဲ့ အင်အားစုတွေကို မှန်မှန်ကန်ကန် အသုံးချနိုင်တဲ့ မူဝါဒကောင်းတွေမရှိတဲ့အတွက်ကြောင့် စီးပွားရေးကျဆင်းနေရခြင်း ဖြစ်ပါတယ်။

နိုင်ငံတစ်ခုမှာ အဓိကလိုအပ်ချက်ကြီးဖြစ်တဲ့ စီးပွားရေးကို ဘယ်လိုမဟာဗျူဟာတွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရတယ်ဆိုတဲ့ ပညာနဲ့ လက်တွေ့ အတွေ့အကြုံရှိတဲ့ပညာရှင်တွေ အမျိုးသားတိုးတက်ရေးပါတီမှာ လုံလုံလောက်လောက်ရှိထားပါတယ်။ ပြည်တွင်းစီးပွားရေးသာမက နိုင်ငံတကာစီးပွားရေးအထိ စီမံခန့်ခွဲနိုင်တဲ့ MBA၊ အရေးကြီးတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာတွေကို လက်တွေ့၊ စာတွေ့မျှဝေပေးနေတဲ့ ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး**

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်အစုအဖွဲ့များကွဲထွက်ပြီး နိုင်ငံတစ်ခုတိုးတက်မှုကို အဟန့်အတားဖြစ်စေတာကြောင့် ငြိမ်းချမ်းရေးဟာ အရေးကြီးတဲ့ကဏ္ဍတစ်ခုလို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပါတယ်။ လောလောဆယ်သိသာထင်ရှားတဲ့ ရလဒ်ကောင်းတွေကို မတွေ့နိုင်ရသေးခြင်းဟာ ငြိမ်းချမ်းရေးဆွေးနွေးခြင်း မူဝါဒမှန်ကန်ပေမယ့်လည်း အစီအစဉ်တစ်ခုလုံးရဲ့ မဟာဗျူဟာဆွေးနွေးပုံ အပေါ်မှာ မူတည်နေတယ်လို့ မြင်ပါတယ်။

အနာဂတ်မြန်မာနိုင်ငံအတွက် ဆက်လက်ဆောင်ရွက်ရမယ့် မျက်နှာစာတစ်ခုလို့ ခံယူထားပြီး လက်တွေ့ပိုကျတဲ့ အစီအစဉ်တချို့နဲ့ အစားထိုးဆောင်ရွက်သင့်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက သုံးသပ်ရှုမြင်ပါတယ်။

**လူမှုရေးကဏ္ဍ**

အလွန်ကျယ်ပြန့်ပြီး အစိုးရတွေအနေနဲ့ ဗျူရိုကရေစီယန္တရားကို ပိုင်ပိုင်နိုင်နိုင် မောင်းနှင်နိုင်မှသာ ပြေလည်မယ့် ကဏ္ဍဖြစ်ပါတယ်။ Public Administration ဆိုတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဟာ နိုင်ငံတစ်ခုရဲ့ ကျယ်ပြန့်လှတဲ့ ကဏ္ဍအသီးသီး၊ မျက်နှာစာအသီးသီးကို ထိထိရောက်ရောက်စီမံခန့်ခွဲတဲ့ ပညာရပ် ဖြစ်ပါတယ်။ ဒီနေ့သတင်းတွေမှာတွေ့နေရတဲ့ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးမှုတွေဟာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ များစွာဆက်စပ်နေပါတယ်။ အမျိုးသားတိုးတက်ရေးပါတီမှာ အဲဒီပညာရှင်တွေရှိနေပြီး အဲဒီပညာရပ်ကိုလည်း ဖြန့်ဖြူးပေးနေတဲ့ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

**ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ**

နိုင်ငံတစ်ခုမှာ ပစ္စုပ္ပန်အတွက်ရော အနာဂတ်အတွက်ပါ အလွန်အရေးပါလှပါတဲ့ မျက်နှာစာနှစ်ခုကတော့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍကို အခုထက်ပိုပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရဦးမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဘက်မှာလည်း ထို့အတူပဲ ဖြစ်ပါတယ်။ မူဝါဒပိုင်းရော စနစ်ပိုင်းကအစ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်ပေးရပါလိမ့်မယ်။

အထူးသဖြင့် ပညာရေးမှာ နိုင်ငံတကာသင်ရိုးညွှန်းတမ်းအတိုင်း လိုက်နာနိုင်ပြီလား၊ သင်ကြားပို့ချပေးတဲ့ဆရာ ဆရာမများ၊ သင်ထောက်ကူပစ္စည်းများစတဲ့ တစ်ဆင့်လုံးကို စဉ်းစားဖြည့်ဆည်းရမှာ ဖြစ်ပါတယ်။ ပညာကို ကုန်ဆုံးအောင်မသင်ကြားနိုင်လို့ တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်ခဲ့တဲ့ လူငယ်ပြည်သူတွေအတွက်လည်း vocational training ဆိုတဲ့ သက်မွေးဝမ်းကျောင်းပညာရပ်တွေကို လုံလောက်အောင်ဖြည့်ဆည်းပေးသင့်ပါတယ်။ နောက်မျိုးဆက်တွေအနေနဲ့ အနာဂတ်မြန်မာနိုင်ငံအတွက် ပညာရေးနဲ့ ကျန်းမာရေးဟာ အလွန်အရေးကြီးတဲ့ကဏ္ဍလို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပြီး အမျိုးသားတိုးတက်ရေးပါတီ ကိုယ်စားလှယ်လောင်း တစ်ဦးဦးကိုသာ ရွေးချယ်ခံရမယ်ဆိုရင် လွှတ်တော်မှာဥပဒေပြုနိုင်ဖို့ အမျိုးသားတိုးတက်ရေးပါတီက အဆိုများတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

အမျိုးသားတိုးတက်ရေးပါတီဟာ ခိုင်မာတဲ့ရပ်တည်ချက်၊ တိကျတဲ့မူဝါဒတွေ အစီအစဉ်ကောင်းတွေရေးဆွဲထားတဲ့ ပါတီကြီးတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီးပွားရေးစီမံခန့်ခွဲမှုကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်စွာတတ်မြောက်ထားပြီး လက်တွေ့ စီးပွားရေးမှာ အောင်မြင်နေတဲ့သူများနဲ့ ဖွဲ့စည်းထားတဲ့ ပါတီကြီးတစ်ခု ဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးသာမက နိုင်ငံတကာစီးပွားရေးအထိပါ လက်လှမ်းမီကြသူအများအပြားနဲ့ ပါဝင်ထားတဲ့ ပါတီကြီးတစ်ခုလည်း ဖြစ်ပါတယ်။

အရေးအကြီးဆုံးနဲ့ အဓိကအာရုံစူးစိုက်မှုအရှိသင့်ဆုံးကဏ္ဍကတော့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍပဲ ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ တောင်သူလယ်သမားများနဲ့ အလုပ်သမားများဖြစ်ကြပြီး သူတို့ရဲ့အနာဂတ်ဟာ နိုင်ငံရဲ့စီးပွားရေးအပေါ်မှာ မှီတည်နေရပြီး အလားအလာ အတော်မှေးမှိန်နေကြောင်း တွေ့ရပါတယ်။

တစ်နှစ်ထက်တစ်နှစ် အကြွေးပိုလာတဲ့ တောင်သူလယ်သမားနဲ့ အလုပ်သမားများရဲ့ ရှေ့ရေးကို ဘယ်လိုမူဝါဒတွေချမှတ်ပြီး ဖြည့်ဆည်းပေးရမယ်ဆိုတဲ့အစီအစဉ်မျိုးကို အမျိုးသားတိုးတက်ရေးပါတီက ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ရေတိုစီးပွားရေးကောင်းမွန်မှု၊ အချိန်အလယ်အလတ်အတွင်း သီးနှံအထွက်တိုးရေး၊ စက်မှုအားအများဆုံးသုံးစွဲနိုင်ရေး၊ ရေရှည်မှာ တောင်သူလယ်သမားတွေရဲ့ အကြွေးကင်းတဲ့ဘဝ၊ အလှူရေစက်လက်နဲ့မကွာ ဆိုတဲ့ဘဝမျိုးအထိ ပြန်လည်ရောက်ရှိအောင် အဆင့်ဆင့် မြှင့်တင်သွားမယ့်အစီအစဉ်တွေကိုလည်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကနေတစ်ဆင့် စက်မှုဖွံ့ဖြိုးတဲ့ ခေတ်ဆီကို တောင်သူလယ်သမားများနဲ့ အလုပ်သမားတွေကို တွဲခေါ်သွားစေရမှာလည်း ဖြစ်ပါတယ်။

**ကျွန်တော်ဆက်လက်တင်ပြသွားလိုတဲ့ ကဏ္ဍကတော့**

မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနိုင်ငံရေး၊ စီးပွားရေးကဏ္ဍပဲဖြစ်ပါတယ်။ မိဘပြည်သူများ သိရှိထားတဲ့အတိုင်း ရခိုင်ပြည်နယ်မောင်တောကစခဲ့တဲ့ အကြမ်းဖက်မှုဟာ နိုင်ငံတကာဖိအားအဖြစ် ပြောင်းလဲသွားခဲ့ပြီး အစိုးရနဲ့ တပ်မတော်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဖိအားတွေဟာ လျော့ကျသွားမယ့် လက္ခဏာမရှိဘဲ တဖြည်းဖြည်း ပိုမိုတိုးတက်လာမယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခန့်မှန်းထားပါတယ်။

မြန်မာနိုင်ငံအပေါ် သက်ရောက်နေတဲ့ဖိအားတွေဟာ အတိုင်းအတာတစ်ခုအထိ မြန်မာ့စီးပွားရေးအပေါ်မှာ သက်ရောက်နေပြီး ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေဟာလည်း အနည်း၊ အများဆိုသလို မြန်မာ့သမိုင်းအပေါ်မှာ သက်ရောက်မှုတွေ ရှိနေပါတယ်။

အဲဒီကိစ္စဟာ တစ်ချိန်ကျရင် အခုထက်ပိုတဲ့ သက်ရောက်မှုတွေ ရှိလာနိုင်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခန့်မှန်းထားတဲ့အတွက်ကြောင့် မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေး၊ မြန်မာနိုင်ငံနဲ့ဒေသတွင်းနိုင်ငံများ ဆက်ဆံရေး၊ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂ၊ အခြားသြဇာကြီး အဖွဲ့အစည်းကြီးများနဲ့ ဆက်ဆံရေးကို ဘယ်လိုထိရောက်အောင် ဆက်ဆံရေးများလုပ်ဆောင်သွားမယ်ဆိုတဲ့ မူဝါဒ၊ မဟာဗျူဟာများကို အမျိုးသားတိုးတက်ရေးပါတီက ရေးဆွဲထားပြီး ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

နိုင်ငံတစ်ခုမှာ မျက်နှာစာများစွာ၊ ကဏ္ဍများစွာရှိနေတတ်ပါတယ်။ အချိန်အကန့်အသတ်ရှိတဲ့အတွက်ကြောင့် အရေးကြီးတဲ့ကဏ္ဍတွေလောက်ကိုပဲ တင်ပြပေးသွားခြင်း ဖြစ်ပါတယ်။ ပိုမိုကျယ်ပြန့်တဲ့မျက်နှာစာများ၊ ကဏ္ဍများဆိုင်ရာမူဝါဒနဲ့ ဆောင်ရွက်အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်များ၊ အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးနဲ့ ညီညွတ်စေမယ့် မဟာဗျူဟာများကို အမျိုးသားတိုးတက်ရေးပါတီက ရှင်းလင်းပြတ်သားစွာ ရေးဆွဲထားပြီး ဖြစ်ပါတယ်။

ကိစ္စရပ်အတော်များများဟာ လွှတ်တော်ကနေတစ်ဆင့် ဥပဒေပြုရင်းနဲ့ ဆောင်ရွက်သွားရလေ့ရှိပါတယ်။ ပြည်သူတွေအနေနဲ့ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်လောင်းကို တာဝန်ပေးရွေးချယ်ခဲ့မယ်ဆိုရင် လွှတ်တော်တွေမှာ နိုင်ငံအတွက် အလွန်အရေးကြီးပြီး နိုင်ငံရဲ့အနာဂတ်ကို ကောင်းစွာအကောင်အထည်ဖော်နိုင်မယ့်ဥပဒေတွေကို ထက်သန်စွာ အဆိုပြုတဲ့ မြင်ကွင်းတွေကို တွေ့ရမှာ ဖြစ်ပါတယ်လို့ ကတိပြုပြောကြားလိုပါတယ်။

ယနေ့ရင်ဆိုင်နေရတဲ့ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းများကိုလည်း လွှတ်တော်များကတစ်ဆင့် တရားဝင်ပြောကြားနိုင်ခွင့်ရှိလာမှာ ဖြစ်တဲ့အတွက်ကြောင့်-

**မိဘပြည်သူများအနေနဲ့**

ယနေ့ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ စီးပွားရေး၊ လူမှုရေး အရေးအရာများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ဖို့အတွက် အမျိုးသားတိုးတက်ရေးပါတီမှ ကိုယ်စားလှယ်လောင်းကို မတွေဝေဘဲ မဲပေးခြင်းဖြင့် တာဝန်ပေးအပ်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာ ချမ်းသာကြပါစေ။

**အမျိုးသားတိုးတက်ရေးပါတီ(သီချင်း၃)**

☆ ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ
ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ
တို့နိုင်ငံတို့လူမျိုး. . . တို့စီးပွားအတွက်. . .
မြင့်မြတ်သောစိတ်ထားတွေနဲ့ တစ်မျိုးသားလုံးအတွက်. . .
တည်ထောင်ခဲ့ပြီ. . . ဒါဟာ တို့ရဲ့မြေ ဒါဟာ တို့ရေ. . .
ဒါဟာဘိုးဘွားအမွေ ကာကွယ်စောင့်ရှောက်လို့ ပေးလေ
NDP . . .

☆ တို့နိုင်ငံတွက် အတွက်ရွေးချယ်လိုက်ဦးဟော့. . .
အေးအတူ ပူအမျှတိုင်းပြည်အကျိုးအတွက်ပေ. . .
စည်းလုံးကြမယ်လေ အမျိုးသားရေးဆိုတေးရှေ့တန်းများရှိနေပြီလေ. . .

☆ တို့နိုင်ငံတွက် အတွက်ရွေးချယ်လိုက်ဦးဟော့. . .
အေးအတူ ပူအမျှ တန်းတူကျော်ဖြတ်ပေး. . .
တို့ချစ်တဲ့ဒီမြေ ငြိမ်းချမ်းကြမယ်လေ. . .
အမျိုးသား နိုင်ငံတော်ကြီးလေ. . .

☆ (လာလာ. . လာ. . . ကြဟော့)၂ NDP ကိုမဲပေးကြစို့ဟော့
(လာလာ. . လာ. . . ကြဟော့)၂ NDP ကိုမဲပေးကြမယ်လေ
စီးပွားရေးတိုးတက်စေရမယ် ဆင်းရဲနွမ်းပါးမှုတွေလျှော့ချဖို့
NDP ကို မဲပေးကြစို့လေ. . . . NDP NDP အမျိုးသားတိုးတက်ရေးပါတီ. . .
"ဒီမိုကရေစီကျင့်စဉ်ကို ကျင့်တဲ့နိုင်ငံမှာ ညီတူညီမျှဖြစ်ဖို့ လိုပါတယ်"
ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟာ. . .

# တောင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ ပက်ခ်တုတောင်ပေါ်သို့ အတူတကွ တက်ရောက်

**ဆိုးလ် စက်တင်ဘာ ၂၀**
တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းသည် ၎င်း၏သုံးရက်ကြာခရီးစဉ်၏ နောက်ဆုံးနေ့တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်အတူ ပက်ခ်တုတောင်ပေါ်သို့ စက်တင်ဘာ ၂၀ ရက်တွင် တက်ရောက်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယား နယ်စပ်၌ တည်ရှိသော ယင်းတောင်သည် မြောက်ကိုရီးယားနိုင်ငံသားများ အထွတ်အမြတ်ထားသော တောင်ဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်၏ အမြင့်ဆုံးတောင်လည်းဖြစ်သည်။အဆိုပါတောင်တည်ရှိရာဒေသမှာ ကင်၏ဖခင် ကင်ဂျုံအီမွေးဖွားခဲ့ရာ နေရာဖြစ်ကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက ပြောကြားကြသည်။

သမ္မတ မွန်းသည် ပက်ခ်တုတောင်သို့ ပထမဆုံး သွားရောက်လည်ပတ်သော တောင်ကိုရီးယားခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ကိုရီးယားနှစ်နိုင်ငံ၏ ကိုရီးယားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုကို အလေးထားရန် လည်းကောင်း၊ အမေရိကန်နှင့် ဆွေးနွေးမှုများတွင် သမ္မတမွန်း၏ ထောက်ခံမှုခိုင်မာစေရေးအတွက်လည်းကောင်း ပက်ခ်တုတောင်ပေါ်သို့ နှစ်ဦးသားတက်ရောက်ကြရန် မြောက်ကိုရီးယား ခေါင်းဆောင်က အဆိုပြုခဲ့သည်ဆို၏။

အဏုမြူလက်နက် ကင်းရှင်းရေးဇုန်ထူထောင်ရေးကိစ္စနှင့်ပတ်သက်၍ စက်တင်ဘာ ၁၉ ရက်တွင် ဆွေးနွေးခဲ့ကြပြီးနောက် သုံးရက်ကြာ ထိပ်သီးဆွေးနွေးပွဲ၏နောက်ဆုံးနေ့တွင် ခေါင်းဆောင်နှစ်ဦးတို့ တောင်တက်ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတမွန်းသည် တောင်တက်ရခြင်းကို နှစ်သက်သဘောကျသူဖြစ်ပြီး ဟိမဝန္တာတောင်တန်းတွင် တောင်တက်ခဲ့သည့်အတွေ့အကြုံနှစ်ကြိမ်ထက် မနည်းရှိသည်။

ပက်ခ်တုတောင်ပေါ်သို့ တက်ရောက်ရန်မှာ မိမိ၏ကာလရှည်မပြည့်ဝခဲ့သော အိပ်မက်တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ အိပ်မက်အတိုင်း အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံသားများသည် ပက်ခ်တုတောင်ပေါ်သို့ တရုတ်နိုင်ငံဘက်ခြမ်းမှ တက်ရောက်ကြလေ့ရှိကြောင်း၊ သို့ရာတွင် မိမိအနေဖြင့် ထူးထူးခြားခြား တောင်တက်ခွင့်ရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပက်ခ်တုတောင်ပေါ်သို့ မတက်ရောက်မီ ယင်းတောင်အနီးရှိ လေဆိပ်တစ်ခုသို့ သမ္မတမွန်း ဆိုက်ရောက်လာချိန်တွင် မြောက်ကိုရီးယားနိုင်ငံသား ၁၀၀၀ ခန့်က ၎င်းအား ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ပန်းများကို ဝှေ့ယမ်းကာ "အမိမြေပြန်လည်ပေါင်းစည်းပြီ" ဟု ကြွေးကြော်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**



# ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်

**ကျိုတို စက်တင်ဘာ ၂၀**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား အာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌအဖြစ် ပါတီအဖွဲ့ဝင်များက ပြန်လည်ရွေးကောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်ခံရခြင်းသည် ဂျပန်နိုင်ငံ၏ သက်တမ်းရှည်ကြာဆုံးဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ခြင်းပင်ဖြစ်သည်။

ဆန္ဒမဲပေးသူ ၈၁၀ အနက် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ထောက်ခံမဲ ၅၅၃ မဲရရှိခဲ့ပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်ဟောင်း ရှီဂီရု အီရှီဘာက ထောက်ခံမဲ ၂၅၄ မဲရရှိခဲ့ကြောင်း သိရသည်။ ဂျပန်အစိုးရအဖွဲ့နှင့် လစ်ဘရယ်ဒီမိုကရက်တစ် ပါတီကို လာမည့်လအစောပိုင်းတွင် ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ် သုံးကြိမ်တိုင်တိုင် ပြန်လည်ရွေးကောက်ခြင်းခံရပြီးနောက် အထက်ပါအတိုင်း စက်တင်ဘာ ၂၀ ရက်တွင် မီဒီယာသို့ ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ၎င်းအား ပါတီဥက္ကဋ္ဌအဖြစ် သုံးကြိမ်တိုင်တိုင် ပြန်လည်ရွေးချယ်ခဲ့ခြင်းသည် လာမည့်သုံးနှစ်တာကာလအတွင်း နိုင်ငံ၏အဓိကပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ခွန်အားတစ်ရပ်ဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အမေရိကန်ပြည်ထောင်စုသို့ လာမည့်ရက်သတ္တပတ်တွင် သွားရောက်ကာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်မည် ဖြစ်သည်။ ထိုခရီးစဉ်မှ ပြန်လာပြီးနောက် အစိုးရအဖွဲ့နှင့် ပါတီအဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

ယင်းသို့ အစိုးရအဖွဲ့ဝင်များနှင့် ပါတီအဖွဲ့ဝင်များအကြား ပြန်လည်ဖွဲ့စည်းခြင်းသည် နိုင်ငံ၏အနာဂတ်ရှေ့ရေးကို မျှော်တွေးကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စရပ်တစ်ခုပင် ဖြစ်ပါကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။

ဂျပန်ပြည်သူများအား ကမ္ဘာ့စုံတွင် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် နှစ်ပေါင်းခုနစ်ဆယ်ကျော်ကာလအတွင်း ပြင်ဆင်ခဲ့ခြင်း မရှိသေးသည့် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးအကြိမ် ပြင်ဆင်နိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

မကြာသေးမီက သဘာဝဘေးအန္တရာယ်များ ထိခိုက်ခံစားခဲ့ရသည့် ဟိုကိုင်းဒိုးစီရင်စုရှိ ဒေသအများအပြားတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း နောက်ဆက်တွဲ ရသုံးမှန်းခြေဥပဒေကြမ်းကို အတည်ပြုချမှတ်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ပါပူဝါနယူးဂီနီ၌ စစ်စခန်းတည်ဆောက်ရန် ဩစတြေးလျ စီစဉ်လျက်ရှိဟုဆို

**ဆစ်ဒနီ စက်တင်ဘာ ၂၀**
ဩစတြေးလျနိုင်ငံသည် ပါပူဝါနယူးဂီနီနိုင်ငံတွင် ရေတပ်အခြေစိုက်စစ်စခန်းသစ် တည်ဆောက်ရန် စီစဉ်လျက်ရှိသည်ဟု စက်တင်ဘာ ၁၉ ရက်တွင် သတင်းစာတစ်စောင်က ရေးသားဖော်ပြလိုက်ရာ ယင်းမှာ ပစိဖိတ်ဒေသတွင်း တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုကို ဟန့်တားနိုင်ရန် ရည်ရွယ်ပုံရသည်ဟု ဝေဖန်ချက်များ ပေါ်ထွက်လာကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း ပါပူဝါနယူးဂီနီနိုင်ငံ မြို့တော် ပို့စ်မော်ဘီတွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်) ထိပ်သီးအစည်းအဝေးမတိုင်မီ ဩစတြေးလျနိုင်ငံက ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် ပါပူဝါနယူးဂီနီပိုင် မာနူးကျွန်းပေါ်တွင် ရေတပ်အခြေစိုက်စခန်းတစ်ခု ပူးတွဲထူထောင်ရေး သဘောတူညီချက်ရရှိရန် ရည်ရွယ်ကြောင်း ဩစတြေးလျအမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

ပါပူဝါနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် ပီတာအိုနေးလ်သည် ယခုနှစ်ဇူလိုင်လအတွင်း ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့သို့ အလည်အပတ်ခရီး သွားရောက်ခဲ့ပြီးနောက် ပါပူဝါနယူးဂီနီနိုင်ငံ မာနူးကျွန်းရှိ လွန်ဘမ်ရေတပ်အခြေစိုက်စခန်းသို့ ဩစတြေးလျကာကွယ်ရေးဌာနမှ တာဝန်ရှိသူများ သွားရောက်ခဲ့ကြသည်။ ၎င်းတို့သည် အဆိုပါရေတပ်စခန်း ပြန်လည်တည်ဆောက်ရေးကိစ္စကို သုံးသပ်လေ့လာခဲ့ကြကြောင်း သတင်းစာက ဖော်ပြသည်။

ပစိဖိတ်သမုဒ္ဒရာသည် ဩစတြေးလျနိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့်လုံခြုံရေးအတွက် မဟာဗျူဟာကျကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားသည်။ **အေအက်ဖ်ပီ**



# အဂတိလိုက်စားခြင်းနှင့် ငွေကြေးခဝါချခြင်းဆိုင်ရာ စွဲချက်သစ်များဖြင့် နာဂျစ်အား ထပ်မံစွဲချက်တင်

**ကွာလာလမ်ပူ စက်တင်ဘာ ၂၀**
နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေအလွဲသုံးမှုအရှုပ်တော်ပုံနှင့် ဆက်နွယ်လျက် အဂတိလိုက်စားခြင်းနှင့် ငွေကြေးခဝါချမှုဆိုင်ရာ စွဲချက်သစ် ၂၅ ရပ်ဖြင့် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်အား စက်တင်ဘာ ၂၀ ရက်တွင် ထပ်မံစွဲချက်တင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒေါ်လာငွေသန်းပေါင်းများစွာသော ငွေကြေးကို နာဂျစ်၏ပုဂ္ဂလိက ဘဏ်စာရင်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဆိုသော စွပ်စွဲချက် အပါအဝင် စွပ်စွဲချက်များအားလုံးကို ၎င်းက ငြင်းဆိုခဲ့သည်။

မေလ ရွေးကောက်ပွဲတွင် အကြီးအကျယ်ရှုံးနိမ့်ခဲ့ရသူ နာဂျစ်ကို မြို့တော်ကွာလာလမ်ပူရှိ တရားရုံးတစ်ရုံးတွင် စက်တင်ဘာ ၂၀ ရက်က ရုံးထုတ်ကာ စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ အသက် ၆၅ နှစ်အရွယ်ရှိ နာဂျစ်သည် ယခုအခါ စုစုပေါင်း စွဲချက် ၃၂ ရပ်ဖြင့် စွဲချက်တင်ခံထားရသည်။ 1 MDB နိုင်ငံတော် ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေမှ ငွေကြေးများစွာကို နာဂျစ်နှင့်သူ၏ အပေါင်းပါ ခရိုနီများက ခိုးယူခဲ့ကြသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

အဂတိလိုက်စားမှုဆိုင်ရာ စွဲချက်လေးရပ်နှင့် ငွေကြေးခဝါချမှုဆိုင်ရာ စွဲချက် ၂၁ ရပ်တို့ကို နာဂျစ်ရင်ဆိုင်နေရသည်။ နာဂျစ်သည် အာဏာလက်လွှတ်ခဲ့ရပြီးချိန်မှစ၍ 1MDB နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေနှင့် သက်ဆိုင်နေသော စွဲချက်များကို ရင်ဆိုင်နေရပြီး ထိန်းသိမ်းခံထားရသည်။

နာဂျစ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီက စက်တင်ဘာ ၁၉ ရက်တွင် ထိန်းသိမ်းခဲ့သည်။ နာဂျစ်၏ပုဂ္ဂလိက ဘဏ်စာရင်းသို့ ဒေါ်လာ ၆၈၁ သန်း လွှဲပြောင်းပေးခဲ့သည်ဆိုမှုဖြင့် စုံစမ်းစစ်ဆေးလျက်ရှိရာတွင် ၎င်းကို ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

နာဂျစ်ထူထောင်ပေးခဲ့သော နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေမှ တိုက်ရိုက်လွှဲပြောင်းပေးခဲ့သော ငွေကြေးဖြစ်သည်ဟု အစိုးရရှေ့နေများက သတ်မှတ်ခြင်းကြောင့် စွဲချက်သစ်များမှာ အရေးကြီးကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**




# မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ)ပွဲစဉ် (မော်လမြိုင်) စတင်

**မော်လမြိုင် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Myanmar Zew Mann Co.,Ltd ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(တတိယ)ပွဲစဉ် ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့်တာဝန်ရှိသူများ၊ Myanmar Zew Mann Co.,Ltd မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်နှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

ဖွင့်ပွဲတွင် အားကစားသမားများက သတ်မှတ်တီခုံများပေါ်တွင်နေရာယူကြပြီး မွန်ပြည်နယ် စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းကျော်လွင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်၊ အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူးဗိုလ်မှူးချုပ်သက်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Myanmar Zew Mann Co.,Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းဇော်တို့က အလှည့်ကျဂေါက်သီးရိုက်ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲတွင်ပညာရှင်အဆင့် ၂၆ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသား) ၈၆ ဦး၊ ဝါသနာရှင်အဆင့်အမျိုးသမီးကိုးဦး စုစုပေါင်းအားကစားသမား ၁၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, INNWA Bank, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar), Mottama Holding Co.,Ltd နှင့် Myanmar Zew Mann Co.,Ltd တို့က အဓိကကူညီပံ့ပိုးထားပြီး ၂၀၁၈ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(တတိယ)ပွဲစဉ်ကို စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း- ဖိုးသော်ဇင်**
**ဓာတ်ပုံ- မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် နီပေါ ယူ-၁၆ အမျိုးသမီးအသင်း ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

နီပေါနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စု ဒုတိယနေ့အဖြစ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်အသင်းနှင့် မလေးရှားအသင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် မလေးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရထားသော်လည်း အိမ်ရှင်နီပေါအသင်းမှာမူ ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ယခုပွဲမှာ နှစ်သင်းစလုံး အရေးပါနေပြီး မြန်မာအသင်းအနေဖြင့် နိုင်ပွဲဆက်ပါက ဒုတိယအဆင့် ခြေစစ်ပွဲတက်ရောက်နိုင်ရန် အခွင့်အရေးများသွားမည်ဖြစ်ပြီး နီပေါအသင်းမှာလည်း နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။ အိမ်ရှင်နီပေါအသင်းသည် နှစ်ပွဲဆက်ရှုံးနိမ့်ပါက ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့် ဆုံးရှုံးဖွယ်ရှိနေသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် ပြိုင်ဘက်အသင်းများထက်သာလွန်နေသောကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ရန် အခြေအနေကောင်းနေပြီး လက်ကျန်နှစ်ပွဲတွင် အမှားအယွင်းမရှိရန်သာ လိုအပ်နေသည်။

**ရှိုင်းထက်ဇော်**

# မြန်မာတက္ကသိုလ်ဘောလုံးအသင်းကို ဝါရင့်နည်းပြဆီဗာဂျီ နည်းစနစ်ပိုင်းပံ့ပိုးကူညီမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် (၁၉) ကြိမ်မြောက် အာဆီယံ တက္ကသိုလ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ် ဘောလုံးအသင်းကို မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီ အသင်းနည်းစနစ်ဒါရိုက်တာ စင်ကာပူနိုင်ငံသား ဆီဗာဂျီက နည်းစနစ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမည် ဖြစ်သည်။

"ဟံသာဝတီအသင်းပိုင်ရှင် ဦးအောင်မိုးကျော်က အကူအညီတောင်းလို့ ဆီဗာဂျီအနေနဲ့ ကူညီပေးတာပါ။ သူ့အနေနဲ့ နည်းပြချုပ်လုပ်ဖို့က အချိန်အများကြီးမပေးနိုင်တာကြောင့် နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်ပေးမှာပါ။ ကစားသမားရွေးချယ်တာ အပါအဝင် နည်းစနစ်ပိုင်းဆိုင်ရာတွေပါ ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ဟံသာဝတီ ဘောလုံးအသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက ပြောကြားသည်။ ဆီဗာဂျီသည် မြန်မာတက္ကသိုလ်ဘောလုံးအသင်း နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးဇော်မင်းက ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာတက္ကသိုလ်အသင်းသည် ရွေးချယ်ထားသည့်ကစားသမားများအား ယခုရက်ပိုင်းအတွင်း ခြေစမ်းပွဲများကစားကာ ကစားသမားများ၏ ခြေစွမ်းအား စမ်းသပ်မည်ဖြစ်ပြီး ဆီဗာဂျီအနေဖြင့် ကစားသမားများ၏ ခြေစွမ်းအပေါ်မူတည်၍ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာတက္ကသိုလ်ဘောလုံးအသင်းကို ၂၀၁၈ရာသီ ပထမတန်းအမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းအား အခြေခံဖွဲ့စည်းထားပြီး လက်ရှိတွင် ကစားသမား ၂၅ ဦးရွေးချယ်ထားကာ ကစားသမားသစ်များ ထပ်မံအားဖြည့်မည်ဖြစ်သည်။ ဆီဗာဂျီသည် လက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ တက္ကသိုလ်ကျောင်းတက်နေသည့် ကစားသမားအချို့အား အားဖြည့်ရွေးချယ်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ တက္ကသိုလ်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်နေခြင်းဖြစ်သည်။

(၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# လီဗာပူးရဲ့ ခြေစွမ်းအမှန်ကို ဖော်ထုတ်မယ့်ကာလ

**ရှိုင်းမင်းမင်း**

## ၂၀၁၈-၁၉ ပရီမီယာလိဂ်ရင်ခုန်သံ-၆

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် ၅ မှာ လီဗာပူးဟာ စပါးရဲ့အိမ်ကွင်းမှာ ခြေစွမ်းပြပြီး နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်အဆိုပါပွဲဟာ လီဗာပူးအတွက် ပွဲကျပ်ကာလအစဖြစ်ပြီး ဒီတစ်ပတ်မှာ ပီအက်စ်ဂျီ၊ ချယ်လ်ဆီးတို့နဲ့ ပွဲတွေကြားမှာ ဆောက်သမ်တန်ကို ရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲရပ့်မလား စောင့်ကြည့်ရမယ်။

### ဖူလ်ဟမ် - ဝက်ဖို့ဒ် (ည ၉း၀၀၊ ၂၂-၉-၁၈)

မန်စီးတီးကို အရေးနိမ့်ခဲ့ရတာကြောင့် ဖူလ်ဟမ်တို့ နိုင်ပွဲပြန်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်ရဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒ့ါအပြင် ဝက်ဖို့ဒ်ကလည်း ခြေစွမ်းပိုင်းတောက်လျှောက်ကောင်းမွန်နေပြီး ကစားပြီးသမျှပွဲတွေမှာ မန်ယူတစ်သင်းတည်းကိုသာ အရေးနိမ့်ခဲ့ရပါတယ်။ ဝက်ဖို့ဒ်ကလည်း နိုင်ပွဲပြန်ရှာမယ့်အသင်းဖြစ်လို့ နှစ်သင်းပေါင်း သွင်းဂိုးများနိုင်ကာ သရေကျဖို့များတယ်။

### ဘန်လေ - ဘုန်းမောက် (ည ၈း၃၀၊ ၂၂-၉-၁၈)

ဘန်လေတို့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဝုဖ်ကို အရေးနိမ့်ခဲ့ရတာကြောင့် ငါးပွဲကစားပြီးချိန်မှာ နိုင်ပွဲလုံးဝမရခဲ့ဘဲ အမှတ်ပေးဇယားရဲ့အောက်ဆုံးမှာ ရောက်ရှိနေပါတယ်။ ဒါကြောင့်လည်း ဘန်လေတို့ အခုအိမ်ကွင်းပွဲမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒ့ါအပြင် ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာဆိုရင်တော့ အနည်းငယ်အားနည်းတတ်ပါတယ်။ ဘန်လေတို့ နိုင်ပွဲ စတင်ရသွားနိုင်ပါတယ်။

### ကာဒစ်ဖ် - မန်စီးတီး (ည ၈း၃၀၊ ၂၂-၉-၁၈)

မန်စီးတီးက ချန်ပီယံလိဂ်ကစားပြီးမှ ဒီပွဲကို ကစားမှာဖြစ်တာကြောင့် ပွဲဆက်များနိုင်ပေမယ့် အရန်အင်အားတောင့်တင်းမှုရှိနေပါတယ်။ ဒ့ါအပြင် မန်စီးတီးအနေနဲ့ ဒီပွဲအပြီးမှာကစားရမယ့်လိဂ်ဖလားကလည်း အောက်ဖို့ဒ်နဲ့သာဖြစ်လို့ ခြေကုန်ထုတ်လာနိုင်မှာ သေချာနေပါတယ်။ ကာဒစ်ဖ်ကလည်း ခြေသာမန်သာရှိလို့ ဒီပွဲမှာလည်း မန်စီးတီးတို့ နိုင်ပွဲဆက်နိုင်ပါတယ်။

### ပဲလေ့စ် - နယူးကာဆယ် (ည ၈း၃၀၊ ၂၂-၉-၁၈)

နယူးကာဆယ်က အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ လက်ရှိအချိန်မှာ ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေပေမယ့်လည်း ကစားခဲ့ရတဲ့အသင်းတွေက အသင်းကြီးတွေများနေပါတယ်။ နယူးကာဆယ်အနေနဲ့ နိုင်ပွဲပျောက်ဆုံးနေတာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက်လည်း အားစိုက် ကစားလာမှာသေချာနေပါတယ်။ ပဲလေ့စ်တို့ ကစားပုံကောင်းသလို အိမ်ကွင်းဖြစ်နေတယ်ဆိုပေမယ့်လည်း နယူးကာဆယ်ရဲ့ကစားအားကြောင့် သရေကျသွားမယ့် ပွဲလို့ ယူဆမိပါတယ်။

### လက်စတာ - ဟတ်ဒါဖီးလ် (ည ၈း၃၀၊ ၂၂-၉-၁၈)

လက်စတာတို့ နှစ်ပွဲဆက်တိုက်အရေးနိမ့်ခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် အခြေအနေမှာရှိနေပါတယ်။ လက်စတာက ခံစစ်ပိုင်းအနည်းငယ်အားနည်းပေမယ့် တိုက်စစ်ပိုင်းကတော့ တည်ငြိမ်မှုရှိနေပါတယ်။ ဒ့ါအပြင် ဟတ်ဒါဖီးလ်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာတော့ လက်စတာတို့ နိုင်ပွဲရယူနိုင်မှာပါ။

### လီဗာပူး - ဆောက်သမ်တန် (ည ၈း၃၀၊ ၂၂-၉-၁၈)

လီဗာပူး ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ဒီပွဲမတိုင်ခင်မှာ ပီအက်စ်ဂျီနဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ချယ်လ်ဆီးနဲ့ လိဂ်ဖလားပွဲကစားရမှာဖြစ်တာကြောင့် ဒီပွဲမှာတော့ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲပါတယ်။ ဆောက်သမ်တန်ကလည်း လက်ရှိအချိန်မှာ ကစားပုံတိုးတက်လာတာကြောင့် ဒီပွဲမှာတော့ လီဗာပူးတို့ ရှုန်းကန်ရနိုင်ပြီး ကပ်ပြီးသာအနိုင်ရမယ်။

### မန်ယူ - ဝုဖ် (ညနေ ၈း၃၀၊ ၂၂-၉-၁၈)

မန်ယူနိုင်ပွဲတွေပြန်ရလာတဲ့အတွက် ယုံကြည်မှုလည်း ပိုမိုရရှိလာပါတယ်။ မန်ယူအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရမှာ ဖြစ်ပေမယ့် ယန်းဘွိုင်းစ်နဲ့သာဖြစ်သလို ဒီပွဲအပြီးလိဂ်ဖလားပွဲကလည်း ဒါဘီနဲ့သာဖြစ်လို့ ခြေကုန်ထုတ်နိုင်မှာပါ။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဝုဖ်ခြေစွမ်းကောင်းမွန်ပေမယ့် ဒီပွဲမှာလည်း မန်ယူကသာ နိုင်ပွဲကပ်ရမယ်။

### ဘရိုက်တန် - စပါး (ည ၁၁း၀၀၊ ၂၂-၉-၁၈)

စပါးတို့ လီဗာပူးကို အရေးနိမ့်ခဲ့ရပြီး နှစ်ပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် အဝေးကွင်းဖြစ်နေတာကိုတော့ သတိပြုရမယ်။ ဘရိုက်တန်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ ခံကစားလာမှာပါ။ ချန်ပီယံလိဂ်ပွဲပန်းလာနိုင်တဲ့ စပါး ကပ်ပြီးသာ နိုင်ပွဲရနိုင်ပါတယ်။

### ဝက်စ်ဟမ်း - ချယ်လ်ဆီး (ည ၇း၀၀၊ ၂၃-၉-၁၈)

ချယ်လ်ဆီးက ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ပွဲကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းနိုင်သလို ဒီပွဲအပြီးမှာကစားရမယ့် လိဂ်ဖလားပွဲကလည်း လီဗာပူးနဲ့ဖြစ်နေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါတယ်။ ဝက်စ်ဟမ်းကတော့ အဲဗာတန်နဲ့ပွဲမှာ နိုင်ပွဲစတင်ရယူနိုင်ခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းအားကောင်းလာနိုင်သလို အိမ်ကွင်းဖြစ်ပြီး ဒါဘီပွဲဖြစ်တာကြောင့် ပိုမိုအားစိုက်လာမှာပါ။ ချယ်လ်ဆီး ကပ်ပြီးသာအနိုင်ရမယ်။

### အာဆင်နယ် - အဲဗာတန် (ည ၉း၃၀၊ ၂၃-၉-၁၈)

အာဆင်နယ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိလာတာမှန်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေများနေပါသေးတယ်။ ဒ့ါအပြင် ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ အဲဗာတန်ကတော့ ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရရေး အားစိုက်ကစားလာမှာပါ။ အာဆင်နယ်ရဲ့ အိမ်ကွင်းဖြစ်ပေမယ့် အာဆင်နယ်တို့ ဂိုးပြတ်နိုင်ဖို့ဆိုတာ ခက်ခဲလွန်းနေပါတယ်။

# ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးအနက် ၂၄ ဦးကို ပြန်လည်ဖမ်းဆီးရမိပြီဖြစ်

**ဘားအံ စက်တင်ဘာ ၂၀**

ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေခဲ့သည့် အကျဉ်းသားများကို ဖမ်းဆီးရမိရေးအတွက် ရှာဖွေစစ်ဆေးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည့် အကျဉ်းသား၂၄ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၀ ရက် နံနက် ၆ နာရီခွဲခန့်က ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မောင်မောင်ဝင်း ဦးစီးအဖွဲ့၊ ဝတ်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်း ဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့မှ ဗိုလ်မှူးဇော်လင်း ဦးစီးအဖွဲ့တို့က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများဖြင့် ပူးပေါင်းရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် မင်းဇီအထက်ကျေးရွာတွင် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသွားသည့် အောင်အောင် (ခ)ဖာစွပ် လက်နက်ပုဒ်မ ၁၉(င) ဖြင့် (ထောင်ဒဏ် ၂ နှစ်) ပြစ်ဒဏ်ချမှတ်ခံထားရသူကို လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် စက်မှုဇုန်နယ်မြေစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ် ၂၂ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ဇော်လင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် တောင်ကလေးကျေးရွာ ဘားအံ-လှိုင်းဘွဲ့လမ်းပေါ်ရှိ တောင်ကလေး စစ်ဆေးရေးဂိတ်၌ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် လှိုင်းဘွဲ့ဘက်မှ ဘားအံသို့ လိုင်းကားဖြင့် ရုပ်ဖျက်လိုက်ပါလာသူ အမျိုးသားတစ်ဦးအား မသင်္ကာ၍ ထွက်ပြေးအကျဉ်းသားများ၏ မှတ်တမ်းပုံနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားသော ထောင်ကျအကျဉ်းသား မင်းဇော်(ခ) သံချောင်း၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)ဖြင့် ထောင်ဒဏ် ၁၄ နှစ် ကျခံနေရသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ စုစုပေါင်း နှစ်ဦးကို ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသား ၄၂ ဦးကို ရှာဖွေ ဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက် ညနေ ၄ နာရီအထိ စုစုပေါင်း အကျဉ်းသား ၂၄ ဦး ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးလွတ်မြောက်ဆဲဖြစ်သော အကျဉ်းသား ၁၈ ဦးကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## ထင်သာမြင်သာ ပြုပြင်စရာ



### POLICE BOX သန့်ရှင်းခံ့ညားစေချင်

ပဲခူးမြို့ ဇိုင်ဂနိုင်းမြောက်ပိုင်း (၄)လမ်းထိပ်ရှိ POLICE BOX မှာ အတော်ပျက်စီးနေပြီး ရှေ့မျက်နှာစာတွင်လည်း ဈေးဆိုင်တွန်းလှည်းက နေရာယူထားကာ နောက်ဘက်တွင်လည်း အမှိုက်ပုံက အခြေချထားသဖြင့် လမ်းသွား လမ်းလာများ ရှုမြင်ရသည်မှာ မတင့်တယ်ဘဲ မြို့သာယာလှပမှုကို အကျည်းတန်စေလျက်ရှိသည်။ မြို့တော်ပြယုဂ်ကို ထိခိုက်စေသဖြင့် အဆိုပါအဆောက်အအုံအား ပြန်လည်ပြုပြင်ပြီး အနီးအနားရှိအမှိုက်ပုံနှင့် ဆိုင်ခန်းများကို ရှင်းလင်းဖယ်ရှားစေလိုကြောင်း ဒေသခံများက လိုလားလျက်ရှိကြသည်။

**သန့်ဇင်(ပဲခူး)**

# ဦးကိုနီ လုပ်ကြံခံရမှု ကြည်လင်း(ခ)ဖိုးထူး၏ တရားခံပြသက်သေ နှစ်ဦးစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၀**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သတ်ဖြတ်လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း (ခ) ဖိုးထူး ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်း တို့ကို မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ ၁၀ နာရီတွင် ရုံးထုတ်စစ်ဆေးရာ လူသတ်မှုနှင့် လက်နက်မှုဖြင့် စွဲချက်တင်ခံထားရသူ နံပါတ် ၁ တရားခံ ကြည်လင်း (ခ) ဖိုးထူးက တင်ပြထားသော တရားခံပြသက်သေ နှစ်ဦး ရောက်ရှိသဖြင့် စစ်ဆေးမှုလုပ်ခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီး-၆ ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးကနေ စစ်ဆေးမှုပြုလုပ်နေတဲ့ ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇(လူသတ်မှု) နဲ့ ၄၆/၂၀၁၇(လက်နက်မှု)တို့ဖြင့် တရားခံ ကြည်လင်း (ခ)ဖိုးထူး၏ တရားခံပြသက်သေ နှစ်ဦးဖြစ်တဲ့ ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းရယ်၊ ယင်းမြို့နယ်နေ စိုင်းလျှားကျေးရွာက ရာအိမ်မှူး ဦးမြင့်ကျော်ဦးတို့ နှစ်ဦးကို စစ်ဆေးခဲ့ခြင်း ဖြစ်ပါတယ်။ နောက်ရုံးချိန်းကိုတော့ စက်တင်ဘာ ၂၁ ရက် သောကြာနေ့မှာ အောင်ဝင်းဇော်ပြတဲ့ တရားခံပြသက်သေ ၁၂ ဦးထဲက သုံးဦးကို ဆက်လက်စစ်ဆေးဖို့ ပြန်လည်ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

နံပါတ် ၁ တရားခံ ကြည်လင်း(ခ)ဖိုးထူး၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က မီဒီယာများအား ပြောကြားသည်မှာ ကိုကြည်လင်းပြသည့် ခံပြသက်သေနှစ်ဦးကို ဒီကနေ့ စစ်မေးဖြစ်ကြောင်း၊ မောင်နှမ ခုနစ်ယောက်အနက် အကြီးဆုံးသားဖြစ်ကြောင်း၊ အမေအိုကြီးနှင့်အတူ လယ်ယာလုပ်ငန်းကို အတူတကွ ရိုးသားစွာ လုပ်ကိုင်ပြီး ရွာမှာ အတူနေကြကြောင်း၊ ကိုကြည်လင်း လူသတ်ရသည့်အကြောင်းကိုလည်း မြင့်ဆွေ ခိုင်းစေခဲ့သည်ဟု ဆိုရာ၌ မြင့်ဆွေနှင့် မည်သို့ဆုံတွေ့ခဲ့သည့် အကြောင်းတို့ကိုလည်း ပေါ်လွင်အောင် စစ်မေးနိုင်ခဲ့ပါကြောင်း၊ စက်တင်ဘာ ၁၉ ရက်က နေပြည်တော် တရားလွှတ်တော်ချုပ်တွင် ကိုကြည်လင်း၊ ကိုအောင်ဝင်းဇော်နှင့် ကိုအောင်ဝင်းထွန်းတို့အတွက် စွဲချက်အပြီးသတ်ပြင်မှု လျှောက်လဲရာမှာ နှစ်ဖက်လျှောက်လဲချက်ကြားနာပြီး ပြင်ဆင်မှုကို လက်မခံခဲ့ကြောင်း၊ အမှုအပေါ် သက်ရောက်မှု မှန်သမျှသည် တရားရုံး၏ အစီအမံများအပေါ် မူတည်ပါကြောင်း ဖြင့် ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မူဆယ် ၁၀၅ မိုင် ကျေးရွာ၌ မူးယစ်ဆေးသုံးစွဲသူများ ဖမ်းဆီးရမိ



**မူဆယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ၁၀၅ မိုင်ကျေးရွာ၌ စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခန့်က မူးယစ်ဆေးသုံးစွဲသူများအား လုံခြုံရေးတပ်ဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၏ သတင်းများအရ သိရသည်။

ဖြစ်စဉ်မှာ ၁၀၅ မိုင်ကျေးရွာ ရွာမရပ်ကွက် ဆက်သွယ်ရေးကုန်း နောက်ကြောနေကြာရိုင်းချုံတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိနေကြောင်း သတင်းအရ ၁၀၅ မိုင်ကျေးရွာအတွင်း နယ်မြေလုံခြုံရေး တာဝန်ယူထားသော တပ်ဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်(ဌာနေ)မှ ပြည်သူစစ်အဖွဲ့များ၊ လုံထိန်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ဖမ်းဆီးစဉ် ကိုကျော်နိုင် (၃၀)နှစ်၊ ဦးဝင်းနိုင် (၅၄) နှစ်၊ ကိုကျော်တင် (၂၉)နှစ်တို့ သုံးဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်



ပို့ကုန် ၆၃၇ စီး၊ သွင်းကုန် ၆၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၃၉၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန် ဖိုးငွေကျပ် သုည ဒသမ ၉၉၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၃၈၈ သန်း ခန့်)ကို သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Fuso Canter ခြောက်ဘီးယာဉ် တစ်စီးနှင့် Toyota Dyna ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ပိတောက်သစ်လုံး ၂ ဒသမ ၁၀၈၆ တန်၊ ပိတောက်ခွဲသား သုည ဒသမ ၃၅၆၈ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၃၉၆ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ရှိ ရွှေဘုရင်မအရက်ချက်စက်ရုံ မီးလောင်

**ရွှေဘို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ရွှေဘုရင်မအရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွားကြောင်း ရွှေဘိုမြို့ ယာယီခရိုင်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခန့်က ရွှေဘိုမြို့ အမှတ် ၆ ရပ်ကွက် သခွတ္တောရပ်ကွက်ရှိ ရွှေဘုရင်မအရက်ချက်စက်ရုံ မီးလောင်နေကြောင်း သတင်းအရ ရွှေဘိုမြို့နယ် ခရိုင်မီးသတ်ဦးစီးမှူး(ကိုယ်စား) ဦးစီးအရာရှိ ဦးမိုးကျော်သူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ် မီးထိန်းနိုင်၍ မွန်းတည့် ၁၂ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘုရင်မအရက်ချက်စက်ရုံရှိ အမြင့် ပေ ၃၀ အချင်း ပေ ၂၀ ရှိသည့် အရက်စိမ်သည့် ကန်အမှတ်(၂)၏ အဝင်ပိုက်လိုင်းအား ဂဟေဆော်ရာမှ မီးပွားထွက်ပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးပေါ့ဆမှုနှင့်ပတ်သက်၍ ရွှေဘုရင်မအရက်ချက်စက်ရုံ၏ မန်နေဂျာ ဦးမောင်မောင်အေးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့နယ် ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

# လေပြင်းတိုက်စဉ် မှိုင်းဦးပြိုကြ၍ အမျိုးသားနှစ်ဦး ဒဏ်ရာရ

**ကန်ကြီးထောင့် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ အမှတ် ၅ ရပ်ကွက် မာလာကုန်းလမ်းဆုံ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခန့်က (၆၆) ကြိမ်မြောက် အဘဘိုးမင်းခေါင် အောင်ပွဲစာတန်းပါ မုခ်ဦးဆိုင်းဘုတ်အား ဆောက်လုပ်နေစဉ် လေပြင်းတိုက်ခတ်မှုကြောင့် မုခ်ဦးလဲကျခဲ့ရာ မုခ်ဦးဆောက်လုပ်နေသည့် ရိုးကြီးကျေးရွာနေ ဦးကျော်မှာ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ရွာသစ်ကုန်းကျေးရွာနေ ဦးပြောင်ကြီးမှာ ယာဘက်နံရိုးကျိုးဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ မြို့နယ်ဆရာဝန်ကြီးက ပုသိမ်ဆေးရုံကြီးသို့ ပို့ဆောင်ရန် ညွှန်ကြားသဖြင့် ဒဏ်ရာရရှိသူနှစ်ဦးကို ပုသိမ်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ်ရဲစခန်းမှ သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

# လူကုန်ကူးမှုခံရသူများအား မိဘဆွေမျိုးများထံ ပြန်ပို့

**မော်လမြိုင် စက်တင်ဘာ ၂၀**

လူကုန်ကူးမှုခံရသူ ရှစ်ဦးကို မြဝတီမြို့ရှိ လူကုန်ကူးမှုခံရသူများ စောင့်ရှောက်ရေးဂေဟာမှ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် မွန်ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ဦး၊ နေပြည်တော်ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်း၊ မော်လမြိုင်မြို့ စမ်းကြီးလူငယ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ဦးညီညီဝင်းတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် မြဝတီမြို့မှ ၎င်းတို့ ရှစ်ဦးကို မော်လမြိုင်မြို့ စမ်းကြီးလူငယ်သင်တန်းကျောင်းသို့ ခေါ်ဆောင်၍ ထိုကျောင်းမှ တစ်ဆင့် မိဘဆွေမျိုးများရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ စက်တင်ဘာ ၂၀ ရက် ညကားဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း(မော်လမြိုင်)**

# သစ်တောဥပဒေ ပြဋ္ဌာန်း

**သစ်တောဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သစ်တောဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(င) **သစ်တောကြေးတိုင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စိစစ်ရေးအဖွဲ့၏ တာဝန်ခံအဖြစ် ဆုံးဖြတ်ချက်ချမှတ်၍ ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ အရာထမ်းကို ဆိုသည်။

(စ) **သစ်တောအရာရှိ** ဆိုသည်မှာ သစ်တောဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများကို ဆိုသည်။

(ဆ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ သစ်တောဦးစီးဌာန၏တောကြပ်မှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကို ဆိုသည်။

(ဇ) **ကြိုးဝိုင်းတော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကိုဆိုသည်။

(ဈ) **ကြိုးပြင်ကာကွယ်တော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့် နယ်မြေကို ဆိုသည်။

(ည) **သစ်တောနယ်မြေ** ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကိုဆိုသည်။

(ဋ) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကို ဆိုသည်။

(ဌ) **သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီး၊ သစ်ဥသစ်ဖု၊ သစ်ခွ၊ အခြားကပ်ပါးပင်များနှင့် ယင်းတို့မှထွက်ရှိသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများလည်း ပါဝင်သည်။

(ဍ) **သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်။

(ဎ) **သစ်ပင်** ဆိုရာတွင် သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ ပါဝင်သည်။

(ဏ) **တားမြစ်သစ်ပင်** ဆိုသည်မှာ ကျွန်းပင်နှင့် ဤဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကို ဆိုသည်။

(တ) **သစ်** ဆိုသည်မှာ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့မှ အပ လဲနေသော သစ်ပင်၊ ခုတ်လှဲပြီး သစ်ပင်၊ ခုတ်ထွင်ဖြတ်တောက်ပြုပြင်ထားသော သစ် သို့မဟုတ် သစ်လုံးကိုဆိုသည်။

(ထ) **ထင်း** ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

(ဒ) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ လူတို့မွေးမြူထားသော ဆင်အပါအဝင် တိရစ္ဆာန်များကို ဆိုသည်။

(ဓ) **မျှောစာ** ဆိုသည်မှာ တရားဝင်ပိုင်ဆိုင်သည့်သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကို ဆိုသည်။

(န) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့်အမိန့်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရန် ချုပ်ဆိုသည့် စာချုပ်လည်း ပါဝင်ပါသည်။

(ပ) **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များအရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဖ) **လက်ကိုင်စက်လွှ** ဆိုသည်မှာ စက်အားကို အသုံးပြု၍ သစ်ပင်၊ သစ်လုံး၊ တိုင်၊ မျောနှင့်ခွဲသားများကို ပိုင်းဖြတ်ခွဲစိတ်နိုင်သော အလွယ်တကူ ရွှေ့ပြောင်းသုံးစွဲနိုင်သည့် လက်ကိုင်စက်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သစ်တောရေးရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရအဖွဲ့၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

(င) သစ်တော ထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးတို့နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သစ်တောနှင့် ဇီဝမျိုးများပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်နိုင်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်တွင်းလောင်စာ လိုအပ်ချက်ကို အထောက်အကူ ဖြစ်စေရန်၊

(ဈ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ထာဝစဉ်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**အခန်း(၃)**

**ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း**

၄။ ဝန်ကြီးဌာနသည် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတော အမျိုးအစားများကို ဖွဲ့စည်းနိုင်သည်-

(က) စီးပွားရေး သစ်ထုတ် ကြိုးဝိုင်းတော၊

(ခ) ဒေသန္တရ ထောက်ပံ့ရေး ကြိုးဝိုင်းတော၊

(ဂ) ရေဝေရေလဲ ထိန်းသိမ်းရေး ကြိုးဝိုင်းတော၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းရေး ကြိုးဝိုင်းတော၊

(င) အခြားကြိုးဝိုင်းတော အမျိုးအစားများ။

၅။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) အပူပိုင်းဒေသတောထိန်းသိမ်းကာကွယ်ခြင်း၊

(ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း၊

(င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

၆။ ဝန်ကြီးဌာနသည်-

(က) ကြိုးဝိုင်းတောဖွဲ့စည်းခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြေညာရမည်။

(ခ) ကြိုးဝိုင်းတော ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီစုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောကြေးတိုင် အရာရှိတစ်ဦး ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

(ဂ) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် လုပ်ငန်းအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

(ဃ) သစ်တောကြေးတိုင်အရာရှိက ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ပြီးနောက် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးဝိုင်းတော ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ပုဒ်မခွဲ(ဂ)အရ ဆောင်ရွက်ပြီးနောက် တင်ပြလာသောအစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၇။ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ကြိုးဝိုင်းတော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးဝိုင်းတောအမျိုးအစားပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်။

(ခ) ဆက်လက်ကာကွယ်ထိန်းသိမ်းထားရန် မလိုအပ်သည့် ကြိုးပြင်ကာကွယ်တော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်။

(ဂ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်းများကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြရမည်။

(ဃ) ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်။

၈။ (က) နိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်မဆို ပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင် ဖြစ်သည်။

(ခ) ဝန်ကြီးဌာနသည် အောက်ပါနေရာဒေသများတွင် စိုက်ပျိုးထားသော ကျွန်းပင်များနှင့် စပ်လျဉ်းသည့် သီးခြားအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ပိုင်ဆိုင်ခွင့်ပြုနိုင်သည်-

(၁) သစ်တောနယ်မြေအတွင်း ခွင့်ပြုချက်ရယူပြီး တည်ထောင်ထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၂) သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၃) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် တည်ထောင်ထားသည့် နယ်မြေရှိသစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၄) နေအိမ်ခြံဝန်းများအတွင်း စိုက်ပျိုးပြီး သက်ဆိုင်ရာနယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၅) ပုဂ္ဂလိက ပိုင်ဆိုင်သည့်မြေ၊ အများပိုင်မြေ၊ သာသနာ့မြေ၊ ဌာနဆိုင်ရာပိုင်မြေနှင့် တပ်ရင်းတပ်ဖွဲ့ပိုင်မြေများတွင် စိုက်ပျိုးပြီး သက်ဆိုင်ရာနယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ။

(ဂ) ဝန်ကြီးဌာနသည် -

(၁) သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင် အမျိုးအမည်များကို နေရာဒေသအလိုက် သတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) သစ်မျိုးများကို သစ်မာအုပ်စု ခွဲခြားသတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူမောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ဥပဒေ



မောင်စာဂ

ရွေးကောက်ပွဲတစ်ခု၏ လုပ်ငန်းစဉ်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်း ပြုစုခြင်းမှ စတင်ကာ ဆန္ဒမဲပေးပြီးနောက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင်များကပေးသည့် ဆန္ဒမဲလက်မှတ်များရေတွက်ခြင်း၊ ရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ရလဒ်ကြေညာခြင်းနှင့် ရွေးကောက်ပွဲအနိုင်အရှုံးကြေညာခြင်းဖြင့် အပြီးသတ်သည်ဟုဆိုနိုင်သည်။ ထို့နောက်တွင် ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းရန်ရှိက တင်သွင်းခြင်းနှင့် ခုံရုံးအဖွဲ့မှ စစ်ဆေးခြင်းဖြစ်သည်။

ရွေးကောက်ပွဲလုပ်ငန်း အဆင့်ဆင့်တိုင်းသည် အရေးကြီးသကဲ့သို့ ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ရွေးကောက်ပွဲအနိုင်အရှုံးကြေညာခြင်းတို့သည် အရေးကြီးသည့် လုပ်ငန်းစဉ်များထဲမှ အရေးကြီးဆုံးလုပ်ငန်းစဉ်ပင်ဖြစ်သည်။ ယခုလွှတ်တော်သက်တမ်းအတွက် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၃-၁၁-၂၀၁၈ ရက်တွင်ကျင်းပတော့မည်။ ဤတွင် ဆန္ဒမဲလက်မှတ်များ မည်သို့ရေတွက်မည်နည်း၊ ဆန္ဒမဲရလဒ်နှင့် ရွေးကောက်ပွဲ အနိုင်အရှုံး မည်သို့ကြေညာမည်နည်း။ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များထဲမှ အနှစ်ချုပ် ကောက်နုတ်မှုဝေပါရစေ။

## မဲရုံတွင် ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ ၄ နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အသုံးမပြုဘဲကျန်နေသော မဲလက်မှတ်များကို မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ပြီးနောက် ပုံစံ(၁၆-၁)ဖြင့် သုံးစောင်ပြုလုပ်ရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏ လက်ဝယ်တွင် ထိန်းသိမ်းထားရမည်၊

(ခ) မဲဆန္ဒရှင်များအားထုတ်ပေးခြင်း မပြုရသေးသော မဲရုံမှူးလက်မှတ် ရေးထိုးထားသည့် မဲလက်မှတ်အပိုများကျန်ရှိပါက ထိုမဲလက်မှတ်များကို ထိပ်မှ အောက်ဆုံးအထိကြက်ခြေခတ်၍ ပယ်ဖျက်ရမည်၊

(ဂ) ဆန္ဒမဲရေတွက်ရာနေရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ ၁၆ ၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊

(ဃ) မဲပုံးများကို ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များ ရှေ့မှောက်တွင် ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်းရှိကြောင်း ပြသ၍ ဖွင့်ရမည်၊

(င) မဲလက်မှတ်များ ရေတွက်ခြင်းမပြုမီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ဦးရေအတိုင်း မဲလက်မှတ်ထည့်ရန်ခွက်များ သို့မဟုတ် တောင်းများကို စီစဉ်ထားရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ပျောက်ဆုံးခြင်း ရှိ-မရှိ စိစစ်နိုင်ရေးအတွက် မဲပုံးများထဲမှ မဲလက်မှတ်များကိုထုတ်၍ ပထမဦးစွာ ရေတွက်ရမည်၊

(စ) ထုတ်ပေးသည့် မဲလက်မှတ်နှင့် မဲပုံးအတွင်းမှ ရရှိသည့် မဲလက်မှတ် အရေအတွက်သည် ကိုက်ညီမှု ရှိ-မရှိ စိစစ်ရမည်။ ကိုက်ညီမှု မရှိပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်၊

(ဆ) ထုတ်ပေးသည့် မဲလက်မှတ်အရေအတွက်နှင့် မဲပုံးအတွင်းမှ ရရှိသည့် မဲလက်မှတ်အရေအတွက်တို့သည် ကိုက်ညီမှု ရှိ-မရှိကို စစ်ဆေးပြီး ပုံစံ (၁၆) နှင့် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ပုံစံ(၁၆-က)တွင် ပါရှိသည့် မှတ်ချက်အကွက်တွင် ရေးသွင်းရမည်၊

(ဇ) မဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ ပုံစံ (၁၃) ဖြင့် လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်ရမည်။ ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်၊

(ဈ) မဲလက်မှတ် တစ်ခုချင်းကို စိစစ်၍ ပယ်မဲမဟုတ်ပါက မဲလက်မှတ်ပါ ထောက်ခံထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ထားရှိသော ခွက် သို့မဟုတ် တောင်းထဲသို့ ထည့်ရမည်၊

(ည) မဲရေတွက်ခြင်းပြီးဆုံးပါက ခွက် သို့မဟုတ် တောင်းထဲ၌ရှိသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသော မဲလက်မှတ်များကို ရေတွက်ရမည်။ တစ်ရွက်ချင်းအလိုက် အမှတ်စဉ်ရေးထိုးထားရမည်၊

(ဋ) မဲရေတွက်ရာတွင် မရုံမဖွင့်မီ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ ရလဒ်နှင့် မဲရုံတွင်မဲပေးသည့် ဆန္ဒမဲလက်မှတ်များ၏ ရလဒ်တို့ကို ပေါင်း၍ ပုံစံ (၁၆)၊ ပုံစံ (၁၆-က) တို့တွင် စာရင်းရေးသွင်းပြုစုရမည်။

## ပယ်မဲအဖြစ်သတ်မှတ်ဆောင်ရွက်ခြင်း

(က) မဲလက်မှတ်များကို ရေတွက်ရာတွင် လက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ အောက်ပါဆန္ဒမဲလက်မှတ်များကို ပယ်ရမည် -

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲ လက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊

(၉) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်။

(ခ) ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ရေတွက်ရာတွင် အောက်ပါကြိုတင်ဆန္ဒမဲ လက်မှတ်များကို ပယ်ရမည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ကြိုတင် ဆန္ဒမဲလက်မှတ်၊

(၃) တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့် လက်မှတ်မပါရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၄) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇) ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံမှူးက ဆုံးဖြတ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၈) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၉) ဆုတ်ဖြဲထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၁၀) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်။

မဲရုံမှူးကပယ်သည့် မဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရေတွက်ရာတွင် ပယ်မဲတစ်စောင်ချင်းအလိုက် အမှတ်စဉ်ရေးထိုးထားရမည်။ ထို့ပြင် ပယ်မဲတစ်စောင်ချင်းစီအလိုက် ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇)၊ ပုံစံ (၁၇-က) တို့ဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးက လက်မှတ်ရေးထိုးထားရမည်။

## မဲရလဒ်များကြေညာခြင်း

ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီးသည့်အခါ ပုံစံ (၁၆)၊ ပုံစံ (၁၆-က) တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲ အရေအတွက်ကို ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း လွှတ်တော်အသီးသီးအလိုက် ငါးစောင်စီ ပြုစုရမည်။ ပုံစံတစ်စောင်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း၊ ကျန်နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကိုမိမိလက်ဝယ်တွင် ထိန်းသိမ်းထားပြီး ကျန်တစ်စောင်ကို မဲရုံတွင် ကပ်ထားကြေညာရမည်။ ဤသည်မှာမဲရုံတွင်ကြေညာသည့် မဲရလဒ်ဖြစ်သည်။

## မြို့နယ်သို့ပေးပို့ခြင်း

မဲပုံးထဲမှ ထုတ်ယူရရှိသော မဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ မဲရုံမဖွင့်မီက လက်ခံရရှိထားသော ကြိုတင်မဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ မဲရုံမှူးသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် မဲလက်မှတ်များနှင့် ကြိုတင်မဲလက်မှတ်များကို အိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။

ယင်းအိတ်အသီးသီးပေါ်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်၊ မဲဆန္ဒနယ် အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးမှတ်ရမည်။

ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးမှတ်ရမည်။ ထို့နောက် အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ်တစ်ထုပ်ပြုလုပ်ရမည်။

မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ်ပြုလုပ်ရမည်။

(က) အသုံးမပြုဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့်ပုံစံ(၁၆-၁)၊

(ခ) မဲရုံတွင်အသုံးပြုသော မဲစာရင်း၊

(ဂ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(ဃ) ပယ်မဲပုံစံ (၁၇)၊ ပုံစံ (၁၇-က)များ။

အထက်တွင် ဖော်ပြထားသော အထုပ်များကို အိတ်ကြီးတစ်လုံးတွင်ထည့်ကာ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ထို့နောက် ယင်းအိတ်ကြီးကို ပုံစံ (၁၆)၊ ပုံစံ (၁၆-က) များထည့်ထားသော စာအိတ်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ထိုအိတ်ကြီးပေါ်တွင် ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်တို့ ဖော်ပြရမည်။

မဲရုံမှူးသည် အထက်ဖော်ပြပါ ပုံစံ (၁၆)၊ ပုံစံ (၁၆-က) များ ထည့်ထားသော စာအိတ်နှင့် အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့် လည်းကောင်း၊ လုံခြုံရေး အခြေအနေအရလည်းကောင်း ထိုသို့ပေးပို့ရန် အခြေအနေမရှိပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံတွင် အပ်နှံရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၆-က) များ ထည့်ထားသော စာအိတ်နှင့် အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သို့ ဆောလျင်စွာပေးပို့ရမည်။

## အထူးမှတ်သားရန်

အထက်ပါလမ်းညွှန်ချက်များတွင် မပါရှိသည့်ကိစ္စများ ပေါ်ပေါက်လာပါကသက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရန်ဖြစ်သည်။

## မြို့နယ်တွင်ဆန္ဒမဲလက်မှတ်များရေတွက်ခြင်းနှင့်ရလဒ်ကြေညာခြင်း

သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော ပုံစံ (၁-၁) ဖြင့်ပြုစုထားသော ကြိုတင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ပုံစံ (၁-၂) ဖြင့် ပြုစုထားသော တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ ပုံစံ (၁-၃) ဖြင့်ပြုစုထားသော အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ (ပြည်ပ)ရောက် ကြိုတင် ဆန္ဒမဲပေးခွင့်ရှိသူများက ပေးထားသောကြိုတင်ဆန္ဒမဲ လက်မှတ်များကို သတ်မှတ်ထားသည့်အတိုင်း လုံခြုံစွာပိတ်ကာသက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ကြရသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ် ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်တွင် ရေတွက်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)၊ ပုံစံ(၁၈-က)တို့တွင် ဖြည့်သွင်းရသည်။ ပယ်မဲများကို ပုံစံ (၁၇-က)၊ (၁၇-ခ)၊ (၁၇-ဂ) တို့တွင် ရေးသွင်းရသည်။ ညနေ ၄ နာရီထိုးပြီးနောက်မှ ရောက်ရှိလာသည့် ကြိုတင်ဆန္ဒမဲလက်မှတ်တို့ကို ရေတွက်ခြင်း လုံးဝ (လုံးဝ) မပြုရပါ။

ထို့နောက် မဲဆန္ဒနယ်များရှိမဲရုံများ၏ မဲရုံမှူးထံမှ ပုံစံ (၁၆)၊ (၁၆-က) တို့ဖြင့် ရေးသွင်းထားသောလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်နှင့် မိမိတို့ပြုစုထားသည့် ပုံစံ (၁၈)၊ (၁၈-က) ပါ ဆန္ဒမဲအရေအတွက်တို့ကို ပုံစံ (၁၉)၊ ပုံစံ (၁၉-က) တို့ဖြင့် ဖြည့်သွင်းပြုစုရမည်။ ပြီးလျှင် စာရင်းတစ်စောင်စီကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်း၍ တစ်စောင်ကို မိမိရုံးတွင် ကပ်ထား ကြေညာရမည်။ **စာမျက်နှာ ၁၇ သို့**

# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု စိစစ်ရေးကော်မတီများ၏ညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီနှင့် ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများ၏ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မြေယာကိစ္စရပ်များကို စေတနာထား၍ ဆောင်ရွက်ကြစေလိုကြောင်း၊ မြေယာဈေးနှုန်းများ တန်းဖိုးမြင့်လာသည်နှင့်အမျှ လိုချင်သူများလာကြောင်း၊ မဖြစ်နိုင်သည့် မြေယာကိစ္စရပ်များကို မဖြစ်နိုင်သည့်အလျောက်၊ ဖြစ်နိုင်သည့် ကိစ္စရပ်များကို အားထည့်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းမင်းက လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများနှင့် သီးခြား မြေယာတိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပေးပို့သည့် မြေယာတိုင်ကြားစာကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များက ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ကရင်ပြည်နယ်အတွင်း မြေယာတိုင်ကြားစာအရေအတွက် အမှုတွဲပေါင်း ၂၂၄ မှုတွင် ၁၄၄ မှု ဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၈၀ မှု ဖြေရှင်းဆောင်ရွက်ရန်ကျန်ရှိကြောင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီလက်ထက် ပြန်လည်စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးမှုအနေဖြင့် စွန့်လွှတ်မြေဧရိယာ ၁၆၁၀ ဒသမ ၃၇၃ ဧကအနက် မူလပိုင်ရှင်တောင်သူနှင့် ဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှု ၁၃၅ ဒသမ ၉၄ ဧက ရှိကြောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီများက မူလပိုင်ရှင်နှင့်သက်ဆိုင်သူများထံ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးနှင့် မြေယာတိုင်ကြားစာများအား အမြန်ဆုံး အရေးယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# အခြေခံငါးမွေးမြူရေး၊ ငါးဆေးထိုးသားဖောက်သင်တန်းနှင့် ငါးပြခန်းဖွင့်ပွဲ ပဲခူးတွင်ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ အခြေခံ ငါးမွေးမြူရေး၊ ငါးဆေးထိုးသားဖောက်သင်တန်းနှင့် ငါးပြခန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၇နာရီခွဲက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက သင်တန်းသားများအနေဖြင့် မိမိတို့သင်ယူရရှိသည့် ငါးဆေးထိုးသားဖောက်ခြင်း၊ မွေးမြူခြင်းလုပ်ငန်းများကို မိမိပတ်ဝန်းကျင်မှာရှိသည့် ကျေးရွာနေပြည်သူများအား ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လက်ဆင့်ကမ်း ကွင်းဆင်းစည်းရုံးဆောင်ရွက် အကောင်အထည်ဖော် ပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ငါးပြခန်းတွင် ပြသထားသောငါးမျိုးစိတ်များကို ကြည့်ရှုကြသည်။

ငါးပြခန်းတွင် ရေချိုငါးလုပ်ငန်းဒေသများ၌ တွေ့ရှိရသော ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ တီလားပီးယား၊ ငါးခူ၊ ငါးတန်၊ ငါးခုံးမကြီး၊ ရေချိုငါးမုတ်၊ တောင်ပေါ်ငါးသားလောက် စသည့် ငါးမျိုးစိတ်များနှင့် ကျားငါး၊ ရွှေနှင်းဆီ၊ ရောင်စုံငါးကြင်း၊ ဒေါင်းငါး၊ ပလပ်တီနမ်၊ အိန်ဂျယ်၊ မျက်ရည်အိပ်စသည့် အလှမွေးငါးများကို ပြသထားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများမှ သိပ္ပံနည်းကျမွေးမြူထုတ်လုပ်လာနိုင်ခြင်း၊ မိမိတို့ဒေသအတွင်း ငါးသားပေါက်များ လွယ်လင့်တကူ သားဖောက်ထုတ်လုပ်လာနိုင်ပြီး ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးနိုင်ခြင်း၊ လူတစ်ဦးချင်း ငါးစားသုံးမှုမြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပြည်တွင်းဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းအား တားမြစ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြည်တွင်းမှ ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) ကိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈) ဖြင့် တားမြစ်ကြောင်း အမိန့်ကြော်ငြာစာကို စက်တင်ဘာ ၁၈ ရက်နေ့ ရက်စွဲနှင့် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာအရ ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) လုပ်ကိုင်ဆောင်ရွက်နေသည်ကို စုံစမ်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ (၅) အရ အရေးယူမည်ဖြစ်သည်။

ရွှေနေ ဦးမင်းတေဇည္စန့်တင်က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအတွက် ကောင်းမွန်ကြောင်း၊ သို့ရာတွင် အမိန့်ကြော်ငြာစာမှာ Multi Level Marketing ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်း လုပ်ဆောင်ခြင်းကို တိတိကျကျ ဖော်ပြထားခြင်း မရှိသည့်အတွက် တိတိကျကျပါရှိလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်းသည် တစ်ဦးမှ နောက်တစ်ဦးသို့ အဖွဲ့ဝင်ရန် ဆွဲဆောင်နည်းမျိုးဖြစ်ပြီး အမြင့်ဆုံးရောက်သွားသူက အကျိုးအမြတ်ပိုခံစားရမည့် ပိရမစ်ပုံစံ လုပ်ငန်းမျိုးဖြစ်သည်။

Multi Level Marketing Member အဖြစ်လုပ်ကိုင်ဖူးသူ တစ်ဦးက "ကျွန်မကို အသိ တစ်ယောက်က member ဝင်ပါလား၊ ဒီပစ္စည်းက ကောင်းတယ်၊ ဒီတိုင်းဝယ်တာက ဈေးပိုပေးရတယ်။ member ဝင်တာဈေးသက်သာတယ်ပြောတော့ ကျွန်မလည်း member ဝင်လိုက်တယ်၊ ပြီးတော့ နောက်ထပ် member တွေဝင်ဖို့ စည်းရုံးနိုင်ရင် ကျွန်မက အမှတ်တွေ တက်မယ်ဆိုတော့ တခြားလူတွေကို member ဝင်ဖို့စည်းရုံးတယ်၊ အခု ဒီလုပ်ငန်းလုပ်တဲ့သူတွေကို အရေးယူမယ်ဆိုတော့ ဒါကောင်းလား၊ မကောင်းဘူးလားတော့ ကျွန်မလည်း မပြောတတ်ဘူး"ဟုဆိုသည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် အမိန့်ကြော်ငြာစာထုတ်ပြန်သည့် နေ့မှစ၍ အရေးယူနိုင်မည်ဖြစ်ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ (၅) အရ အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်နိုင်မည့်အပြင် ငွေကျပ်ငါးသိန်းထက်မပိုသော ပြစ်ဒဏ်ကိုပါ ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

SMW

## ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့်ဥပဒေ

စာမျက်နှာ ၁၆ မှ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားကြေညာသည့် ပုံစံ (၁၉) ပါရလဒ်များသည် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အပြီးသတ် ဆန္ဒမဲရလဒ်ဖြစ်သည်။ သို့သော် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ယင်းသို့ ကြေညာခြင်းသည် အနိုင်အရှုံး ကြေညာခြင်းမဟုတ်ပါ။

### ခရိုင်တွင်ဆန္ဒမဲလက်မှတ်များရေတွက်ခြင်းနှင့် ရလဒ်ကြေညာခြင်း

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ပုံစံ (၁၉) များပြုစုပြီး ခရိုင်သို့ပေးပို့သည့်အခါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ခရိုင်တစ်ခုထက် ပိုမိုပါဝင်ပါက ကော်မရှင်က သတ်မှတ်ထားသော ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။

ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ်အတွင်း ခရိုင်တစ်ခုတည်းသာ ပါဝင်ပါက ပုံစံ (၁၉-က) ဖြင့်လည်းကောင်း၊ ခရိုင်တစ်ခုထက် ပိုမိုပါဝင်နေပါက ပုံစံ(၁၉-ခ) ဖြင့်လည်းကောင်း စုစည်းစာရင်းပြုစုရသည်။

ထိုသို့ စာရင်းပြုစုပြီးသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲက ပြုစုသော ပုံစံ (၁၉-က) သို့မဟုတ် (၁၉-ခ) တို့သည် သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် အပြီးသတ်ဆန္ဒမဲ ရလဒ်ဖြစ်သည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းနှင့် အနိုင်အရှုံးကြေညာခြင်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်မှပေးပို့လာသော ပုံစံ(၁၉) နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ပုံစံ(၁၉-က)၊ ခရိုင်မှပေးပို့လာသော ပုံစံ (၁၉-က)သို့မဟုတ် ပုံစံ(၁၉-ခ)တို့နှင့်စပ်လျဉ်း၍ ဤသို့ ဆောင်ရွက်ပါသည်။

ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် ပေးပို့လာသော ပုံစံ (၁၉) များအရ ခိုင်လုံသောဆန္ဒမဲအရေအတွက် အများဆုံးရရှိသောသူများအား ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ပေးပို့ထားသော ပုံစံ (၁၉-က) သို့မဟုတ် (၁၉-ခ) တို့အရ ခိုင်လုံသောဆန္ဒမဲအရေအတွက် အများဆုံးရရှိသောသူများအား ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါသည်။

တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ပေးပို့လာသော ပုံစံ (၁၉-က) များကိုစုစည်းပြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဆန္ဒမဲစာရင်း ပုံစံ (၁၉-ခ) ဖြင့် စာရင်းပြုစုရသည်။ ခိုင်လုံသော ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါသည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်ဆင့်ကြေညာခြင်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အထက်ပါအတိုင်း ရွေးကောက်ပွဲ အနိုင်အရှုံးရလဒ် ကြေညာပြီးသည့်အခါ ကြေညာချက် တစ်စုံကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အဆိုပါ အနိုင်အရှုံး မဲရလဒ်စာရင်းကို တစ်ပြည်လုံးအတိုင်းအတာဖြင့် သိရှိနိုင်ကြစေရန် သင့်လျော်သော နည်းလမ်းများဖြင့် ထပ်ဆင့် အသိပေး ကြေညာသည်။

### ရိုးသားဖြောင့်မတ်ခြင်းဖြင့်ဂုဏ်ယူနိုင်ကြပါစေ

မဲဆန္ဒရှင်များ ၎င်းတို့၏စိတ်ကြိုက် ဆန္ဒပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို ရေတွက်ခြင်း၊ ရလဒ်များကို ကြေညာပေးခြင်းလုပ်ငန်းစဉ်သည် အရေးကြီးကြောင်း ပြဆိုပြီးခဲ့ပြီ။ မဲရုံမှူးအပါအဝင် ရွေးကောက်ပွဲတွင် တာဝန်ရှိသူများအားလုံးသည် ရိုးသားဖြောင့်မတ်ကြရသည်။ ဘက်လိုက်မှု ကင်းရသည်။ သမာသမတ်ကျရသည်။ အတွက်အချက် အပေါင်း၊ အနုတ် ကျွမ်းကျင်ရသည်။ ရဲရင့်ရသည်။ မှန်ကန်သော၊ ဥပဒေနှင့်ညီသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရမည်။

ထို့ပြင် မိမိတို့၏ဆောင်ရွက်ချက်များမှာ ပွင့်လင်းမြင်သာမှုရှိစေရမည်။ အများယုံကြည်လက်ခံနိုင်ရမည်။ မိမိပြုစုသောပုံစံအသီးသီးတွင်ဖြည့်သွင်းမှုများ၊ ဆောင်ရွက်ချက်များမှန်သမျှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် လောင်းများ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များနှင့် အများပြည်သူများ ရှေ့မှောက်ဖြစ်ရမည်။ ပြသစရာရှိလျှင်ပြသရသည်။ လက်မှတ်ရေးထိုးဖို့ လိုအပ်လျှင် လက်မှတ်ရယူရမည်။ ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ရှိလျှင် ရိုက်နှိပ်ခွင့်ပေးရမည်။ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဖြင့် အများယုံကြည်လက်ခံသော ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာကျင်းပပေးနိုင်ကြမည်သာ။

- **ရိုးသားဖြောင့်မတ် သမာသမတ်ကျစွာ ဆောင်ရွက်နိုင်ကြပါစေ၊**
- **ဘက်လိုက်မှုကင်း၍ တရားမျှတမှုကို ဦးတည်နိုင်ကြပါစေ၊**
- **အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ကြပါစေ။**

ရန်ကုန်တိုင်းအတွင်းရှိ
ပုဂ္ဂလိကကျောင်းများနှင့် ပုဂ္ဂလိက ဆရာ၊ ဆရာမများအား
ဖိတ်ကြားခြင်း

အခမ်းအနားအစီအစဉ်
နေ့ရက် ■ ၂၃-၉-၂၀၁၈ (တနင်္ဂနွေနေ့)
အချိန် ■ ညနေ(၃:၀၀)နာရီ မှ (၅:၀၀)နာရီ
နေရာ ■ M-3 Food Centre, M-3 Hall, ပေါက်ဖြိုးလမ်း၊ ရန်ကုန်မြို့။

ဝင်းရတီပုံး
(၆၆)ကြိမ် အောင်မင်းခေါင်ထွက်ရှိ
09-250147247, 09-774438366

သုံးရာသီ (ဓမ္မဒါန)
* 420144148, 421153797

ဝန်ထမ်းအလိုရှိသည်။ (အိမ်ယာခင်းကြီး၌ရှိမည် တာဝန်ထမ်းဆောင်ရန်)
၁။ Accountant LCCI Level (III) ကြိုဆို၊ မ (၄)ဦး
Computer အသုံးပြုတတ်သူ/ လုပ်သက် (၂) နှစ်ရှိသူ၊ Store ကိုင်နိုင်ရမည်။
လိုအပ်ပါက နယ် နှင့် Promotion ပွဲများသို့လိုက်နိုင်သူ
၂။ Sale&Marketing လုပ်သက်အတွေ့အကြုံရှိသူ နယ်သို့သွားလာနိုင်သူ ကျား/ မ (၃)ဦး
၃။ Office Staff ကျား/ မ (၂)ဦး
Computer အသုံးပြုတတ်သူ၊ အစိုးရရုံးများသို့ ဝင်ထွက်သွားလာနိုင်သူ
၄။ အရောင်းဝန်ထမ်း ကျား/ မ (၁၀)ဦး
ကွန်ပျူတာအခြေခံရှိသူ Shopping Centre များ၏ ဖွင့်/ပိတ် ချိန်အတိုင်း လုပ်ကိုင်နိုင်သူ
Kaday Myaing Co., Ltd တိုက်(၃၁)၊ အခန်း(၅)၊ စံပယ်လမ်း၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊
ဖုန်း - ၀၁ ၂၀၃၆၇၁၊ ၀၁ - ၂၀၅၇၅၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။








ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ



THE CENTRAL
WHERE THE FINEST MEET
THE
CENTRAL
executive
RESIDENCE
NEW PHASE LAUNCHING
SUPER INVESTMENT VALUE
SAME LOCATION
MORE SERVICES
HOTLINE
+959 777 773 770
/THECENTRALYANGON
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm
All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.










ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်
မူလပထမ
တိဗ္ဗ (1)
ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။
☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေဓာအိမ်ရာရှေ့၊သဃ်န်းကျွန်း။ ☎:01-573986, 01-573988



**ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)**
GLOBAL TREASURE BANK (PUBLIC COMPANY LIMITED)

(ယခင်)

**မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်**

**အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

ဤဘဏ်၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် အထူးစုံညီအစည်းအဝေး(၂၀၁၈)ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - ၂၁-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် - ၉း၀၀နာရီ (နံနက် ၉နာရီ)
(၈း၅၀ နာရီ နေရာယူပေးနိုင်ပါရန်)
(ဂ) နေရာ - SKY STAR HOTEL (Ball Room)
အမှတ်(၅၁၊ B/၁) အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများပေးပို့ပါမည်။ အချိန်မီမရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ စုံညီစွာအချိန်မီ တက်ရောက်ကြရန် ဖြစ်ပါသည်။

အစုရှယ်ယာများလွှဲပြောင်းခြင်းမှတ်တမ်းကို ၂၂-၉-၂၀၁၈ရက်မှ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပပြီး နောက်တစ်ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားသား၊ နိုင်ငံခြား Cooperate အဖွဲ့များကို ဗဟိုဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်တို့၏ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန်ဖြစ်ပါသည်

**ဒါရိုက်တာအဖွဲ့**


ကြယ်ခင်ကောင်းကောင်း ခရီးသွားလုပ်ငန်း
(၆၆)ကြိမ်မြောက် ဘဘအောင်မင်းခေါင်ပူဇော်ပွဲ (၂၄-၉-၂၀၁၈)ထွက်မည်
အဘပွဲ၊ ပုပ္ပါး (သီးသန့်) ............ (၃)ရက်။
အဘပွဲ၊ ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ ............ (၅)ရက်။
အဘပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ၊ ထန်စမ်းလှိုဏ်ဂူ(၅)ရက်။ လှိုင်ကော် ပါ(၆)ရက်။
အဘပွဲ၊ ပုပ္ပါး၊ မန္တလေး၊ အင်းဝ၊ မိုးကုတ်၊ ကျောက်ဆည် (၆)ရက်။
Ph: 09-429254898, 09-444499654, 09-777799654

ခေတ်ရွှေဆောင်
09 449250191 Oct-19
09 773337137 Nov-20
09 953999938 Dec-21

NEW LIN
(၆၆)ကြိမ်မြောက် ပုပ္ပါး အဘအောင်မင်းခေါင် ပူဇော်ပွဲ
> ပုပ္ပါး-တောင်ကလပ်အောင်မြင်ပြီး ပုဂံ-စဝ်မြို့ဘုရား (4)ရက် 45000/-
> ပုပ္ပါး-ပုဂံ-ညောင်ဦး-တောင်ကြီး-အင်းလေး-လှိုင်ကော် (7)ရက် 75000/-
> ပုပ္ပါး-ပုဂံ-မြင်းခြံ-လွင်-လားရှိုး-မူဆယ်-ရွှေလီ (7)ရက် 80000/- 23/24 (SEP)
09-423536005, 09-769808921, 09763710434

Ph: 09 450024419
09 790629747

မြေကွက်များဝယ်လိုသည်။
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09 400 9400 41
09 400 9400 42

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အစားတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

အစာကြေဆေးကောင်းကောင်း သုံးစွဲလိုသူများအတွက်
လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လိုက်သော...
သုခအောင် အမှတ်တံဆိပ်
အစာကြေဆေးပြား

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012356 (0919)
- ပင်ရင်း -
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအမှတ် ၄၄၉ (၅)လွှာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၉၂၃၅၈၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

STI MYANMAR UNIVERSITY
ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

မြန်မာနိုင်ငံသို့ ဂုဏ်ယူစွာဖြင့် ယူဆောင်လာပါသည်
လူကြိုက်အများဆုံးနှင့် အထူးပြုဘာသာရပ် အစုံလင်ဆုံး MBA Program

MBA General
MBA Hospital and Health Services
MBA Marketing
MBA Finance
MBA Human Resource
MBA Digital Technology
MBA Logistics and Supply Chain
MBA Oil and Gas Management



WORLD CLASS DEGREE
IN PARTNERSHIP WITH
University of Bedfordshire

USD 3,000
ပညာသင်ဆု ရရှိမည့် အခွင့်အရေး

Program အသေးစိတ်ကို www.stiedu.net တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net
သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ - ၁၅/၁၆၊ ၆၆လမ်းနှင့် ၁၁၀လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

## စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ မျက်စိရောဂါကုသရေး အထူးအစီအစဉ်(၁၃/၂၀၁၈)

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၀ ရက်နေ့အထိ မျက်စိရေတိမ်၊ အတွင်းတိမ်၊ မျက်စိစွေခြင်း၊ မျက်လုံးပတ်ဝန်းကျင်နှင့် မျက်ခွံပိုင်းဆိုင်ရာ မျက်စိရောဂါဝေဒနာရှင်များကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

နေ့စဉ် ဆေးရုံ၏ မျက်စိလက်ထောက်ဝန်ထမ်းများမှ ကြိုတင်စမ်းသပ်၊ စစ်ဆေးပေးပြီးမှသာ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဆက်လက် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

(မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသော ဆေးများရှိပါက ယူဆောင်လာခဲ့ပါ)

ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉- ၄၅၀ ၂၀၀၇၃၇၊ ၀၉-၄၅၀ ၂၀၀ ၇၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့

---

ဒေါ်နန္ဒာဝင်း ဦးစီးသော
**Amazing Land Travels & Tours**

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ရက်)(၁၂ရက်)(၁၅ရက်)ခရီးစဉ်ရက်များကိုကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

အောက်တိုဘာ(၁)/အောက်တိုဘာ(၁၅)(သီတင်းကျွတ်လပြည့်)/(၂၉)
နိုဝင်ဘာ(၁၀)(တန်ဆောင်းမုန်းလပြည့်)/နိုဝင်ဘာ(၂၆)
ဒီဇင်ဘာ(၁၀)/ဒီဇင်ဘာ(၂၀) မတ်(၄)/မတ်(၁၈)
ဇန်နဝါရီ(၇)/ဇန်နဝါရီ(၂၀) ဧပြီ(၁)/(၁၂)(သင်္ကြန်ပိတ်ရက်)
ဖေဖော်ဝါရီ (၄)/ဖေဖော်ဝါရီ(၁၈)

အမှတ် (၁၇-အေ)၊ အခန်း (၂-အေ)၊ ဒုတိယထပ်၊ အနောက်ရွှေဂုံတိုင် (၁) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၃၀၄၂၂၅၊ ၀၉ ၅၅၀၀၀၃၁၊ ၀၉ ၂၅၀၀၃၉၄၃၄၊ ၀၉ ၅၀၂၆၂၅၈၊ ၀၉ ၂၅၄၀၄၂၈၁၁၊

---

**Asia Dragon** (အာရှနဂါး)
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ဖောင်ကြီး၊ ဂျင်းဝေး ပုဂံ၊ ပုပ္ပါး
မြဝတီ၊ ဖဲခေါင်
09 300 300 70, 09 300 300 90

---

**ရွှေပင့်ကူ**
အဘာထွက်ပွဲ
သူဌေးစိမ် ဖြစ် Sep-24 ထွက်မည် ဈေးနှုန်း 45000/
သူဌေးစိမ် ဖြစ် Sep-25 ထွက်မည် ဈေးနှုန်း 35000/
09 450224339,09 423720047

---

### တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းတွင်တက်ရောက်ပညာသင်ကြားနေသော မောင်အောင်အောင်ဖြိုး၏ ကျောင်းစာရင်းတွင် ဖခင်အမည်မှာ ဦးကျော်မြင့်[၁၂/ဗတထ(နိုင်)၀၃၁၉၀၇]ဖြစ်ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးမာဒူဆူဒနာရောင်းဟု ဖော်ပြထားရာ ဦးမာဒူဆူဒနာရောင်း(ခ)ဦးကျော်မြင့်သည် တစ်ဦးတည်းသာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### သစ်အခြေခံစက်မှုလုပ်ငန်းဌာန
### ၀၁/၂၀၁၈-၂၀၁၉ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားအရွယ်စုံ (တတိယတန်းနှင့်အထက်) (၃၁၄. ၇၅၂၄)တန်၊ ကျွန်းလျှာထိုး(၂. ၉၄၁၈)တန်၊ သစ်မာခွဲသား(၁၇. ၆၁၃၈)တန်တို့အား အမေရိကန်ဒေါ်လာ(US $)ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၈-၁၀-၂၀၁၈ရက်နံနက် ၁၀း၀၀နာရီ
(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇ ၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

---

### ပျောက်ဆုံးကြောင်း

U Kyaw Nyein@ San Maung [12/OUKAMA(N) 118316]မှ ကိုင်ဆောင်သော IDနံပါတ်-စက် ၂၅၄(၅-၂-၂၀၁၃) ထိုင်စင် နံပါတ်-ISP-IDV8 12-13-24846, INV, PL, BL, Statement, ID အညို၊ ထား Photo မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ထံသို့ ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၃၁၁၁၄

---

### ရန်ကုန်လိုင်စင်ကားငှားမည်။ ရောင်းမည်။

1.Alphard 2003 နို့စိမ်းရောင် ခုနစ်ယောက်စီး 2.4 cc ရောင်း-၃၄၀သိန်း၊ ငှား-၈သိန်း
2.Belta 2008 ခဲရောင်1300cc ရောင်း-၁၆၇သိန်း၊ ငှား-၄သိန်း
09450030589,09421966133

---

### မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်ဟီးနင်ရမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၁၁-၂၀၀၁) ဖြစ်ပါသည်။

---

### မွေးသက္ကရာဇ်မှန်

မြစ်ကြီးနား၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဒိန်ခန်ထော်နော်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၉-၂၀၀၁)ဖြစ်ပါသည်။

---

ရွှေကျော်ကြားဆောက်လုပ်ရေးမှ PAEစနစ်ဖြင့် တိုက်ဆောက်လိုသူများ၊ အခန်းပေးအခန်းယူစနစ်ဖြင့် တည်ဆောက်လိုသူများ၊ မြေရှင်နှင့်ကန်ထရိုက်စာချုပ်ချုပ်ပြီးဆောက်လက်စတိုက်များ၊ ဆောက်လက်စ မဆောက်ရသေးဘဲရပ်ထားသောတိုက်များကို မြေရှင်နှင့်ကန်ထရိုက်တာများ Appointmentယူ၍ လာရောက်ဆွေးနွေးနိုင်ပါသည်။ အခန်းပေးအခန်းယူစနစ်ဖြင့် တည်ဆောက်လိုသူများနှင့် မြေကွက်ရောင်းလိုသူများလည်းဆက်သွယ် မေးမြန်းနိုင်ပါသည်။ Decorationပိုင်းများကိုလည်း ပြုပြင်ဆောင်ရွက်ပေးနေပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်-095057774, 09785057774

---

**သီဟာလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

---

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

**STI MYANMAR UNIVERSITY**
ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

## FACULTY OF ENGINEERING

### BEng (Hons)
- Civil Engineering
- Architectural Engineering
- Civil Architectural Engineering
- Electronic Systems Engineering
- Telecommunication and Network Systems

### BSc (Hons)
- Construction Management



University of Bedfordshire, UK မှ တိုက်ရိုက်ချီးမြှင့်သည့် ဘွဲ့ သင်တန်းများ ဖြစ်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

WORLD CLASS DEGREE IN PARTNERSHIP WITH
University of Bedfordshire

ထူးချွန်ကျောင်းသားများအတွက် ပညာသင်ဆု ရရှိမည့် အခွင့်အရေး

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ-၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ကြည်
### အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ယဉ်ကြည်(ရန်ကုန်မြို့)သည် ၁၉-၉-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**
**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး ဇင်ထွန်းလှိုင်(ငြိမ်း)ဆေးရုံတက်ရောက်စဉ် စေတနာ၊ မေတ္တာ အပြည့်အဝဖြင့် ကုသစောင့်ရှောက်ပေးပါသော အမှတ်(၂) တပ်မတော်စစ်ဆေးရုံ(ခုတင်-၅၀၀)မှ ဗိုလ်မှူးချုပ်စိန်လင်းနှင့်တကွ ကင်ဆာခွဲစိတ်ကုသဆောင်မှ အရာရှိ/အရာခံ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို မိသားစု စိတ်ဓာတ်အပြည့်နှင့် ဝိုင်းဝန်းကူညီပေးကြပါသော 'မိုး' သောက်ရေသန့် မိသားစုဝန်ထမ်းအားလုံးအားလည်းကောင်း၊ ၇၂-၇၇ ရှုပဗေဒ သူငယ်ချင်းများ၊ UTC သူငယ်ချင်းများ၊ OTS(54)သင်တန်းဆင်း အရာရှိများအားလည်းကောင်း၊ မိုဒီတာအိမ်ရာ(၁) မိသားစုများအားလည်းကောင်း၊ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများနှင့် လွမ်းသူ့ပန်းခြင်းများ ပို့ဆောင်ပေးသူများအားလည်းကောင်း ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးရီ
**ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်**
### အသက်(၈၄)နှစ်

၁၀-၉-၂၀၁၈ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဒေါ်အေးရီ (၈၄)နှစ် ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၏ နာရေးကိစ္စအဝဝတွင် မေတ္တာစေတနာအပြည့်ဖြင့် အားပေးကူညီခဲ့ကြသော ရန်ကုန်မြို့တော်ဝန် ဆရာဦးမောင်မောင်စိုး၊ ၁၀-၉-၂၀၁၈ရက်ည မေ့မေ့ကို နောက်ဆုံးအချိန်အထိ အစွမ်းကုန်ကြိုးစားကုသပေးခဲ့သော ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနမှ တာဝန်ကျ ဆရာ/ဆရာဝန်မများနှင့် သူနာပြုများ၊ စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှ လုပ်ဖော်ကိုင်ဖက် ဆရာ/ဆရာမများ၊ စီးပွားရေးဘွဲ့ရအသင်းများ၊ ကူညီစိတ်ထားရွှေလက်များ လူ/ကူအဖွဲ့(ဗဟန်း)၊ ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင် စာသင်တိုက်မှ ဆရာကြီး၊ ဆရာလေးများ၊ မြန်မာ့မီးရထားမှ အရာရှိကြီးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ TTC ကျောင်း (81/83) မှ သူငယ်ချင်းများ၊ PFG မှ သူငယ်ချင်းများ၊ မီးရထားဆေးခန်းမှ ဆရာဝန်၊ ဆရာမများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသူများအားလုံးကို အထူး(အထူး)ပင် ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဇော်ကို
### အသက် (၃၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်းအနောက်၊ အမှတ်(၃၅)နေ မငြိမ်းငြိမ်းအိ၏ ချစ်လှစွာသော ခင်ပွန်း ဦးမျိုးဇော်ကိုသည် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Country Representative နှင့် ဝန်ထမ်းများ**
**Heli Union Helicopter Services Co.,Ltd.**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**ဒေါ်အေးသန်း(ပေါင်းတည်)**
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ကုန်တိုက်**
**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၁)၊ တိုက်(၂၃၆)၊ အခန်း(၇)နေ (ဦးချန်ထွန်း-ဒေါ်ထား)တို့၏သမီး၊ [ဦးဘိုအေး(ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)]၏ဇနီး၊ ဒေါ်စန္ဒာအေး၊ ဦးမိုးဇော်အောင်-ဒေါ်ခင်နှင်းအေး(ခေတ္တ-စင်ကာပူ)၊ ဦးဇော်ဝင်းသိန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးရဲဝင်းဗိုလ်(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်လပြည့်ဝန်းထယ်တို့၏မွေးသမိခင်၊ မောင်ဇွဲပိုင်ထက်(ခေတ္တ-စင်ကာပူ)၊ မောင်ရဲရင့်ထယ်(အမက-၃၊ မူလွန်၊ ဗဟန်း)၊ မောင်ဇွဲဝရထယ်တို့၏အဘွားသည် ၁၉-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် SSCရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်ဝင်း**
**အသက် (၉၀)**

ရန်ကုန်မြို့၊ FMI City နေ ဒေါ်ဆွေညွန့်လွင်(ဓာတုဗေဒ)၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ဝင်းသည် ၁၈-၉-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Dr.ဦးအောင်မွန် (ပါမောက္ခချုပ်၊ ငြိမ်း)-**
**ပါမောက္ခ Dr.ဒေါ်သန်းသန်းထင်(ချယ်ရီ) မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ယဉ်ကြည်**
**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ မိခင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၁၅)နေ ဒေါ်ယဉ်ကြည် အသက်(၈၄)နှစ်သည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်လွင်မိသားစု(ကော့သောင်းမြို့)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာ**
**ဦးဟန်စိန်(ခ)ဦးကိုလေး**
**အသက်(၇၉)နှစ်**
**ပေါက်ခေါင်းမြို့**

ပေါက်ခေါင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပြည်-တောင်ငူလမ်းနေ ဒေါက်တာစုလေးရီ (ဓာတုဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၈-၉-၂၀၁၈ရက် မွန်းလွဲ (၂)နာရီတွင် ပေါက်ခေါင်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓာတုဗေဒဌာနမိသားစု**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

**ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသားဟောင်းများအသင်း**
**ဒေါက်တာကြည်ဆန်းထက်**
**မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ်**
**အသက် (၅၀)**

ဆရာကြီးဒေါက်တာဦးမြင့်ကြည်(ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်)-ဒေါ်တင်တင်မြင့်တို့၏သား ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍မြန်မာစာကျောင်းသား/သူဟောင်းအားလုံး လိုက်ပါပို့ဆောင်ကြပါရန်။ (ရန်ကုန်တက္ကသိုလ်တောင်ငူဆောင်ရှေ့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

**ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသားဟောင်းများအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာကြည်ဆန်းထက်**
**အသက် (၅၀)**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်ဆရာကြီး ဒေါက်တာမြင့်ကြည်-ဒေါ်တင်တင်မြင့်တို့၏ချစ်လှစွာသောသားကြီး ဒေါက်တာကြည်ဆန်းထက်(မြို့နယ်ဆရာဝန်ကြီး၊ အုတ်တွင်းမြို့နယ်)သည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာကြည်ဆန်းထက်**
**မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့**
**အသက် (၅၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၃၆၁/၂၄)၊ အနောက်ရန်ကင်းဈေးအနီးနေ ဒေါ်မိုးသီတာ၏ခင်ပွန်းဖြစ်သူ ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန၊ နေပြည်တော်**

**ဒေါ်ခင်ဝင်း**
**အသက်(၉၀)**

ရန်ကုန်မြို့၊ FMI City၊ မင်္ဂလာ(၁)လမ်း၊ ခြံအမှတ်(K-15)၊ အမှတ်တရစံအိမ်နေ (ဦးကြီးစိန်-ဒေါ်ကျင်မှိန်)တို့၏သမီး၊ (ဦးညွန့်လွင်)၏ ချစ်ဇနီး၊ ဒေါ်ဆွေညွန့်လွင် (ဓာတုဗေဒ)၊ ဒေါက်တာဆုညွန့်လွင်၊ ဒေါက်တာမိုယ်းညွန့်လွင် (ဒု-ညွှန်မှူးငြိမ်း-မွေးကုဦးစီး)၊ ဒေါ်မင်းညွန့်လွင် (Advisory Engineer - Global Foundry, USA)၊ ဒေါက်တာလင်းညွန့်လွင် (ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး၊ USA)-ဒေါက်တာ Peter အောင်မင်း (Intensive Care Specialist-USA)တို့၏ ချစ်လှစွာသော မာမား၊ သုသစ္စာအောင် @ Genebelle Mynn ၏ ချစ်လှစွာသောဘွားဘွား ဒေါ်ခင်ဝင်းသည် ၁၈-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါ မည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ယဉ်ကြည်**
**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ မိခင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၁၅)နေ ဒေါ်ယဉ်ကြည် အသက်(၈၄)နှစ်သည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(တနင်္သာရီတိုင်းဒေသကြီး)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ယဉ်ကြည်**
**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ မိခင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၁၅)နေ ဒေါ်ယဉ်ကြည် အသက်(၈၄)နှစ်သည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကော့သောင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒေါက်တာဦးမြသိမ်း**
**အသက်(၇၈)နှစ်**
**ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံအုပ်ကြီး(ငြိမ်း)**

ဒေါက်တာဦးမြသိမ်း (ကလေးအထူးကုဆရာဝန်ကြီး)(ရန်ကုန်ကလေးဆေးရုံအုပ်ကြီး-ငြိမ်း)သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ည ၈း၂၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကလေးအထူးကုဆရာဝန်များ**
**ကလေးကျန်းမာပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးဟန်တင်**
**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ မန္တလေးတက္ကသိုလ်**
**အသက် (၇၄) နှစ်**

ဆရာကြီး ဦးဟန်တင်သည် ၁၈-၉-၂၀၁၈(အင်္ဂါနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအရှေ့တိုင်းပညာမိသားစု**

**အထူးကြေကွဲဝမ်းနည်းခြင်း**
**ကိုစိုးမိုးအောင် အသက်(၅၅)နှစ်**

ပြင်ဦးလွင်မြို့နေ ဆရာဦးပေါ်ဦး(ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ILAM)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC)၏ ချစ်လှစွာသောသားဖြစ်သူ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ဆရာဦးပေါ်ဦးမိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းမိပါကြောင်း။

**မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ILAM)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၆/မြဝတီ)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀. ၁၄၄)ဧကအနက် ဧရိယာ (၀. ၀၄၃)ဧက အား ဒေါ်ခင်မျိုးငြိမ်း (ဘ) ဦးစိန်မူ၊ [၉/တကန(နိုင်) ၀၁၂၇၈၇]မှ တပ်ကုန်းမြို့နယ် တရားရုံး၏ကျမ်းကျိန်လွှာ အမှတ် (၂၂၉/၂၀၁၈)၊ အရောင်း အဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsen အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လွှတ်တော်၏ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အထောက်အကူပြုရေး၊ ပညာရေး၊ ရေလုပ်ငန်းနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု အခန်းကဏ္ဍတွင် လွှတ်တော်မှ ပါဝင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၇)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၇)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းအား ဆုချီးမြှင့်စဉ်။**

ဓာတ်ပုံ-အား/ကာ

## ယနေ့ မာတိကာ

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၏ စာတမ်း

စာမျက်နှာ - ၆

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ စာတမ်း

စာမျက်နှာ - ၇

အမျိုးသား တိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ - ၁၁